ဆက်ကပ်အပ်နှံခြင်း နှင့် အစာရှောင်ဆုတောင်းခြင်း ဇန်နဝါရီ ၁၈ - ၁၄ ၊ ၂၀၂၂ ခုနှစ်



# နှုတ်ကပတ်တော်၏

# တင့်တယ်လှပခြင်း နှင့် တန်ခိုးတော်၌ တည်နေခြင်း

# နှုတ်ကပတ်တော်၏
# တင့်တယ်လှပခြင်း နှင့် တန်ခိုးတော်၌ တည်နေခြင်း

EVERY NATION

EVERY NATION

© 2022 by Every Nation Churches & Ministries. All rights reserved.

Scripture quotations, unless otherwise noted, are from The Holy Bible, English Standard Version (ESV) Copyright 2001 by Crossway, a publishing ministry of Good News Publishers.

EveryNation.org/Fasting #ENfast2022

# မာတိကာ


အစာရှောင်ရန်ပြင်ဆင်ခြင်း ........................................................................ ၂

ကျွန်ုပ်၏အစီအစဉ် ........................................................................ ၇

နိဒါန်း - နှုတ်ကပတ်တော်သည် မုန့်ကဲ့သို့ဖြစ်တော်မူသည် .................. ၁၇

ပထမနေ့ - နှုတ်ကပတ်တော်သည် မျိုးစေ့ဖြစ်တော်မူသည် .................... ၂၂

ဒုတိယနေ့ - နှုတ်ကပတ်တော်သည် အလင်းဖြစ်တော်မူသည် ................... ၂၇

တတိယနေ့ - နှုတ်ကပတ်တော်သည် မှန် ဖြစ်တော်မူသည် ...................... ၃၂

စတုတ္ထနေ့ - နှုတ်ကပတ်တော်သည် သံတူ ဖြစ်တော်မူသည် .................. ၃၇

ပဉ္စမနေ့ - နှုတ်ကပတ်တော်သည် ဓား ဖြစ်တော်မူသည် ..................... ၄၂

နိဂုံး - နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ အခုတ်မြစ် ဖြစ်တော်မူသည် ... ၄၇

# အစာရှောင်ရန်ပြင်ဆင်ခြင်း

## အဘယ်ကြောင့် အစာရှောင်သနည်း။

အစာရှောင်ခြင်းဆိုသည်မှာ ဘုရားသခင်၏ နိုင်ငံတော် ကျယ်ပြန့်စေရန်၊ နိုင်ငံများ၏ ကြမ္မာကို ပြောင်းလဲရန်၊ ယုံကြည်ခြင်းပြန်လည်နိုးကြွမှုကို အစပျိုးပေးရန်နှင့် လူတို့၏ အသက်တာများတွင် အောင်မြင်ခြင်းကို ဆောင်ကြဉ်းပေးရန် ဘုရားသခင် အသုံးပြုသော တန်ဆာပလာဖြစ်သည်။ Every Nation အသင်းတော်များ နှင့် ကျောင်းပရဂုဏ်တွင်း အမှုတော်လုပ်ငန်းများသည် မိမိကိုယ်ကိုဘုရားသခင်ရှေ့၌ နှိမ့်ချခြင်း၊ တစ်နှစ်လုံးအတွက် ဘုရားသခင်ထံ ကိုယ့်ကိုယ်ကိုယ် ဆက်ကပ်အပ်နှံခြင်း၊ အောင်မြင်မှုများအတွက် အတူတကွ သဘောတူညီခြင်းဖြင့် နှစ်သစ်တိုင်းကို ၅ ရက် အစာရှောင် ဆုတောင်းခြင်းနှင့်စတင်ပါသည်။

## သခင်ယေရှု အစာရှောင်ခြင်း

*'ထိုအခါ မာရ်နတ်၏ စုံစမ်းသွေးဆောင်ခြင်းကို ခံစေမည်အကြောင်း၊ ဝိညာဉ်တော်သည် ယေရှုကို တောသို့ ပို့ဆောင်တော်မူ၍ ယေရှုသည် အရက်လေးဆယ်ပတ်လုံး အစာအာဟာရကို မသုံးဆောင်ဘဲ နေပြီးမှ မွတ်သိပ်ခြင်းသို့ ရောက်တော်မူ၏။'* ရှင်မဿဲ ၄း၁-၂

*'ယေရှုသည် ဝိညာဉ်တော်တန်ခိုးနှင့် ဂါလိလဲပြည်သို့ ပြန်၍ သတင်းတော်သည် ပတ်ဝန်းကျင် အရပ်တို့၌ အနှံ့အပြား ကျော်စောလေ၏။'* ရှင်လုကာ ၄း၁၄

သခင်ယေရှုသည် သူ၏ ရည်ရွယ်ချက်များ ပြီးပြည့်စုံလာစေရန် ဝိညာဉ်ခွန်အား လိုအပ် လိမ့်မည်ကို သိခဲ့သည်။ အစာရှောင်ခြင်းသည် ကျွန်ုပ်တို့ကို ဝိညာဉ်ရေးရာ အားကောင်းလာ စေရန် ပြုလုပ်ပေးပြီး ဘုရားသခင်၏ အမှုတော်ကို ထမ်းဆောင်နိုင်ရန် ပြင်ဆင်ပေးသည်။

## အစာရှောင်ခြင်းသည် နှိမ့်ချခြင်းနှင့် ဆက်ကပ်အပ်နှံခြင်းကို ပုံဆောင်သည်။

*'ထိုအခါ ဥစ္စာများမှစ၍ သူငယ်များနှင့်တကွ ငါတို့သွားစရာ မှန်သောလမ်းကို ဘုရားသခင်၌ရှာ၍ ရှေ့တော်မှာ ငြိမ်းခြံစွာ ကျင့်ခြင်းငှာ အဟာဝမြစ်နားတွင် အစာရှောင်ရာအချိန်ကို ငါ ကြော်ငြာ၏။'* ဧဇရမှတ်စာ ၈း၂၁

ကျွန်ုပ်တို့သည် အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းအားဖြင့် နှိမ့်ချခြင်းရှိကြသောအခါ ကျွန်ုပ်တို့၏ဆုတောင်းချက်အဖြေများကို ဘုရားသခင်ထံမှရရှိမည်ဖြစ်သည်။

အစာရှောင်ခြင်းသည် သန့်ရှင်းသောဝိညာဉ်တော်ကို ကျွန်ုပ်တို့ အာရုံခံတက်စေရန် ကူညီပေးသည်။

*'ထိုသူတို့သည် သခင်ဘုရားဝတ်ကို ပြု၍ အစာကို ရှောင်ကြစဉ် သန့်ရှင်းသော ဝိညာဉ်တော်က ငါ ခန့်ထားသော အမှုကို ဆောင်ရွက်စေခြင်းငှာ ဗာနဗနှင့် ရှောလုတို့ကို ရွေးချယ်ခွဲထား ကြလော့ဟု မိန့်တော်မူသည်။'* တမန်တော် ၁၃း၂

ကျွန်ုပ်တို့၏မက်မောတောင့်တမှုများနှင့် လောကီရေးရာ သွေးဆောင်နှောက်ယှက်မှုများကို ငြိမ်းပယ်သောအခါ ကျွန်ုပ်တို့သည် ဘုရားသခင်၏ အသံတော်ကို ပို၍ အာရုံခံစားလာကြသည်။ ထို့နောက် ကျွန်ုပ်တို့သည် ဘုရားသခင်ကို ပို၍ အာရုံစိုက်လာပြီး သူ၏ အလိုတော်ကို နာခံတက်လာကြသည်။

အစာရှောင်ခြင်းသည် ယုံကြည်ခြင်းပြန်လည်နိုးကြွခြင်းကို ဖြစ်ပေါ် စေသည်။

*'သင်၏အမျိုးအနွယ်သည် ရှေးပြိုပျက်ရာတို့ကို ပြုပြင်ကြလိမ့်မည်။ ရှေးကာလ၌ တည်ဖူးသော တိုက်မြစ်များအပေါ်မှာ ထပ်ဆင့်၍ တည်ဆောက်ကြလိမ့်မည်။ သင်သည်လည်း၊ ပြိုပျက်သော မြို့ရိုးကို ပြုပြင်သောသူ၊ လူနေရာလမ်းများကို ပြင်ဆင်သောသူဟူ၍ သမုတ်ခြင်းကို ခံရလိမ့်မည်။'* ဟေရှာယအနာဂတ္တိကျမ်း ၅၈း ၁၂

သမိုင်းကြောင်းတစ်လျှောက်တွင် ဘုရားသခင်သည် အစာရှောင်ခြင်းနှင့် ဆုတောင်းခြင်းကို တုံ့ပြန်အဖြေပေးသည့်အနေဖြင့် ယုံကြည်ခြင်းပြန်လည်နိုးကြွခြင်းကို ဖြစ်ပေါ် စေပြီး ပျက်စီးဆုံးရှုံးခြင်းများမှ နိုင်ငံများကို ကယ်နတ်ပေးသည်။ ဆုတောင်းခြင်းနှင့် သူတစ်ပါးအတွက် ကိုယ်စားပြုဆုတောင်းပေးခြင်းများတွင် ကျွန်ုပ်တို့ ဆုတောင်းအားကောင်းလာစေရန် အစာရှောင်ခြင်းက အထောက်အကူပြုပေးသည်။

အစာရှောင်ခြင်းသည် ကျန်းမာစေသည်။

အစာရှောင်ခြင်းသည် သင်၏ အစာခြေအင်္ဂါစုမှ အဆိပ်အတောက်များကို ရှင်းလင်းပေးသည်။ အစာရှောင်ခြင်းသည် အချို့သော ဓာတ်မတည့်ခြင်းများနှင့် ရောဂါများအတွက် ကုထုံးတစ်မျိုးဟု ဆရာဝန်များက ယူဆကြသည်။ အစာရှောင်ခြင်း နည်းလမ်းသည် ကျွန်ုပ်တို့၏ အသက်တာတွင် ကျန်းမာရေးနှင့်မညီညွတ်သော စားသောက်မှုများကို အဆုံးသတ်သွားစေရန် အထောက်အကူပြုသည်။

# သင်၏ အစာရှောင်ခြင်းအတွက် အစီအစဉ်ရေးဆွဲခြင်း

*'သင်တို့သည် ကိုယ့်ကိုယ်ကို သန့်ရှင်းစေကြလော့၊ အကြောင်းမူကား နက်ဖြန်နေ့၌ ထာဝရဘုရားသည် အံ့ဘွယ်သော အမှုတို့ကို သင်တို့တွင် ပြုတော်မူမည်ဟု လူများတို့အား မှာထားလေ၏။ '* ယောရှုမှတ်စာ ၃း၅

ဆုတောင်းခြင်း - အစာမရှောင်မီ သမ္မာကျမ်းစာဖတ်ရန် အချိန်ယူပါ။ သင်၏ ဆုတောင်းခံချက်များကို လမ်းပြရန်အတွက် သန့်ရှင်းသောဝိညာဉ်တော်ထံ တောင်းခံပါ။ စာမျက်နှာ (၁၀ - ၁၂) တွင် သင့်မိသားစု၊ မိတ်ဆွေများ၊ အသင်းတော်နှင့် နိုင်ငံအတွက် သင်၏ ယုံကြည်မှု ပန်းတိုင်များနှင့် တိကျသော ဆုတောင်းခံချက်များကို ချရေးပါ။

ဆက်ကပ်အပ်နှံခြင်း - သင် လုပ်ဆောင်မည့် အစာရှောင်ခြင်း အမျိုးအစားနှင့်ပတ်သက်၍ ဆုတောင်းပြီး အစာမရှောင်မီ ထိုအမျိုးအစားကို ဆက်ကပ်ထားပါ။ သင်၏ အစီအစဉ်ကို စာမျက်နှာ (၇ - ၈) တွင် မှတ်သားထားပါ။ သင်၏ ဆုံးဖြတ်ချက်များအတိုင်း လုပ်ဆောင်နိုင်စေရန် ဘုရားသခင်ထံမှ ကျေးဇူးတော်ကို တောင်းခံပါ။

လက်တွေ့လုပ်ဆောင်ခြင်း - အစာရှောင်မည့်ရက် မတိုင်မီ ရက်အနည်းငယ်အလိုတွင် အစားအစာကို အနည်းဆုံးအတိုင်းအတာပဲ စ၍စားပါ။ သကြားနှင့် အဆီများသော အစားအစာကို ရှောင်ကြဉ်ပါ။ အစာရှောင်ခြင်း ရက်သတ္တပတ်အတွက် ကိုယ်လက်လေ့ကျင့်ခန်းများနှင့် လူမှုရေးဆိုင်ရာ လုပ်ဆောင်ချက်များကို ကန့်သတ်ထားရန် စီစဉ်ပါ။ အစာရှောင်ဆုတောင်းခြင်း ရက်သတ္တပတ်တစ်လျှောက်လုံး သင်နှင့်အတူ ဆုတောင်းရန် တစ်စုံတစ်ယောက်ကို တောင်းဆို၍ စာမျက်နှာ (၈) တွင် ထိုသူကို လက်မှတ်ထိုးခိုင်းပါ။

မှတ်ချက် - အကယ်၍ သင့်တွင် ကိုယ်ဝန်ရှိလျှင်၊ နို့တိုက်မိခင်ဖြစ်နေလျှင် (သို့) ဆေးဝါးသောက်သုံးနေရသူ ဖြစ်လျှင် ဆရာဝန်ဆီမှ အကြံဉာဏ်တောင်းပါ။ အကယ်၍ သင်၏ အခြေအနေသည် အစာရှောင်ခြင်းကို အပြည့်အဝလုပ်ဆောင်နိုင်ရန် အခြေအနေမပေးလျှင် သင့်အတွက် အဆင်ပြေမည့်အရာကို စဉ်စားဆုံးဖြတ်ပါ။

အစာရှောင်နေစဉ်ကာလ

*'ယေရှုကလည်း လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရမည်မဟုတ်။ ဘုရားသခင် မိန့်တော်မူသမျှအားဖြင့် အသက်ကို မွေးရမည် ကျမ်းစာလာသည်ဟု ပြန်ပြောတော်မူ၏။'*

ရှင်မဿဲ ၄း၄

အာရုံစိုက်ခြင်း - ဆက်ကပ်အပ်နှံထားသည့်အတိုင်း လုပ်ဆောင်ရန် သီးသန့်အချိန်သတ်မှတ်ထားပါ။ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့် သန့်ရှင်းသော ဝိညာဉ်တော်၏ လမ်းပြခြင်းကို ခံယူရန် အဆင်သင့်ပြင်ထားပါ။

ဆုတောင်းခြင်း - သင်၏ ဒေသခံအသင်းတော်တွင် အနည်းဆုံး ဆုတောင်းအစည်းအဝေးတစ်ခုတွင် ပါဝင်ပါ။ အစာရှောင်ခြင်း ရက်သတ္တပတ်တစ်လျှောက်လုံးတွင် သင်၏မိသားစု၊ အသင်းတော်၊ သင်းအုပ်ဆရာများ၊ နိုင်ငံ၊ တက္ကသိုလ်များနှင့် အမှုတော်လုပ်ငန်းများအတွက် ကိုယ်စားပြုဆုတောင်းပေးပါ။

ထပ်မံဖြည့်စွမ်းခြင်း - အစားအစာစားသည့် အချိန်တွင် အစားအစာစားမည့်အစား ကျမ်းစာဖတ်ခြင်းနှင့် ဆုတောင်းခြင်းကို ပြုလုပ်ပါ။ ရေများများ သောက်ပြီး တတ်နိုင်သမျှ အနားယူပါ။ ခဏတာ ခံစားရမည့် ခန္ဓာကိုယ် အားနည်းခြင်း၊ စိတ်မရှည်ခြင်းနှင့် စိတ်ကသိကအောက်ဖြစ်ခြင်း ကဲ့သို့ စိတ်ပိုင်းဆိုင်ရာ အနှောက်အယှက်များအတွက် စိတ်ကို ပြင်ဆင်ထားပါ။

## အစာရှောင်ခြင်းကို အဆုံးသတ်ခြင်း

*'ငါတို့သည် ဘုရားသခင် အထံတော်၌ ရဲရင့်ခြင်း အကြောင်းဟူမူကား ငါတို့သည် အလိုတော်နှင့်အညီ တစ်စုံတစ်ခုသော ဆုကို တောင်းလျှင် ဘုရားသခင်သည် နားထောင်တော်မူ၏။ ဆုတောင်းသမျှသော စကားတို့ကို နားထောင်တော်မူသည်ကို ငါတို့ သိလျှင် အထံတော်၌ တောင်းသောဆုတို့ကို ရမည်ဟု သိရကြ၏။'*

ရှင်ယောဟန်ဩဝါဒစာ ပထမစောင် ၅း၁၄-၁၅

**စားပါ** - အစားအစာများကို ဖြည်းဖြည်းချင်း ပြန်လည်စားသုံးပါ။ သင်၏ ခန္ဓာကိုယ်သည် ပုံမှန်စားနေကျအတိုင်း ကျင့်သားရရန် အချိန် လိုအပ်သည်။ အသီးများ၊ ဖျော်ရည်များနှင့် အသုပ်တို့ကို စားပြီးနောက် ဟင်းသီးဟင်းရွက်များကို ထပ်စားပါ။ တစ်နေ့တာလုံး အစားအစာပမာဏ နည်းနည်းစီ စားပါ။

**ဆုတောင်းပါ** - ဆုတောင်းခြင်းကို မရပ်လိုက်ပါနှင့်။ ဘုရားသခင်၏ သစ္စာရှိမှုနှင့် အချိန်ကိုက်လုပ်ဆောင်နိုင်စွမ်းကို ယုံကြည်ပါ။ တစ်နှစ်တာပတ်လုံး ဘုရားသခင်အတွက် သင်၏ မကြာသေးမီကခံစားမိသော စိတ်အားထက်သန်မှုကို ထိန်းသိမ်းထားပါ။ သင်၏ ဆုတောင်းခံချက်များကို အဖြေပေးမည်ဟု ဘုရားသခင်အပေါ် သက်ဝင်ယုံကြည်မှုရှိပါ။

# ကျွန်ုပ်၏ အစီအစဉ်

(၁) ရက်

- ☐ ရေသန့်တစ်မျိုးတည်းသာ
- ☐ အရည်များသာ
- ☐ တစ်နပ်သာ
- ☐ အခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း________________

(၂) ရက်

- ☐ ရေသန့်တစ်မျိုးတည်းသာ
- ☐ အရည်များသာ
- ☐ တစ်နပ်သာ
- ☐ အခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း________________

(၃) ရက်

- ☐ ရေသန့်တစ်မျိုးတည်းသာ
- ☐ အရည်များသာ
- ☐ တစ်နပ်သာ
- ☐ အခြား ______________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း________________

# ကျွန်ုပ်၏ အစီအစဉ်

(၄) ရက်

- ☐ ရေသန့်တစ်မျိုးတည်းသာ
- ☐ အရည်များသာ
- ☐ တစ်နပ်သာ
- ☐ အခြား ____________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း__________________

(၅) ရက်

- ☐ ရေသန့်တစ်မျိုးတည်းသာ
- ☐ အရည်များသာ
- ☐ တစ်နပ်သာ
- ☐ အခြား ____________________________

အစာရှောင်ဆုတောင်းအစည်းအဝေးတက်ရောက်ခြင်း__________________

*တဖန် ငါဆိုသည်ကား မြေကြီးပေါ်မှာ သင်တို့တွင် နှစ်ယောက်တို့သည် သဘောချင်းတူ၍ ဆုတောင်းလျှင် တောင်းသမျှသော ဆုတို့ကို ကောင်းကင်ဘုံ၌ ရှိတော်မူသော ငါ၏ ခမည်းတော်သည် ပေးတော်မူလတ္တံ့။* ရှင်မဿဲ ၁၈း၁၉

ကျွန်ုပ်၏ ဆုတောင်းဖော် ........................................................................

# အကျွန်ုပ်သည် ဘုရားသခင်ကို ကျေးဇူးတင်သည့် အရာများမှာ..........

**အဖြေပြန်ရသည့် ဆုတောင်းခံချက်များ**

၂၀၂၁ တစ်နှစ်တာအတွင်း ကျေးဇူးတော်ချီးမွမ်းမည့် အချက်များ၊ အဖြေပြန်ရသည့် ဆုတောင်းခံချက်များနှင့် သင်ယူခဲ့ရသော သင်ခန်းစာများကို စာရင်းပြုစုပါ။

## ၂၀၂၂ ခုနှစ်တွင် ဘုရားသခင်အလိုတော်ကို ရှာလျှက် ယုံကြည်ကိုးစားသွားမည့် အရာများ ......

**ပုဂ္ဂိုလ်ရေးဆိုင်ရာ ယုံကြည်ခြင်း ပန်းတိုင်များ**

ဝိညာဉ်ရေးရာ ပြန်လည်နိုးကြွခြင်း၊ ခန္ဓာကိုယ်တွင် အနာရောဂါငြိမ်းခြင်း၊ ကြွယ်ဝချမ်းသာခြင်းနှင့် ပေါများခြင်း၊ ရက်ရက်ရောရောပေးကမ်းခြင်း......

**ကျွန်ုပ်၏မိသားစု**

ဆက်ဆံရေး ပြန်လည်သင့်မြတ်ခြင်း၊ တစ်အိမ်သားလုံး ကယ်တင်ခြင်း ရရှိခြင်း....

**ကျွန်ုပ်၏ ပညာရေး၊ အလုပ်အကိုင်**

ထူးချွန်အောင်မြင်မှု၊ ရာထူးတိုးခြင်း.........

**ကျွန်ုပ်၏ အမှုတော်ဆောင်ခြင်း**

ကျွန်ုပ်ဦးဆောင်နေသော အဖွဲ့ငယ် ကြီးထွားမှု၊ လုပ်ဖော်ကိုင်ဖက်များနှင့် အတန်းဖော်များ ကယ်တင်ခြင်း ရရှိခြင်း.........

## ၂၀၂၂ ခုနှစ်အတွင်း ဆုတောင်းပေးမည့် သူများ၏ အမည်စာရင်း

| အမည် | ဆုတောင်းရမည့်အချက်များ |
| --- | --- |

# ဆုတောင်းရန် ဆက်ကပ်အပ်နှံထားသော အရာများ

**ကျွန်ုပ်၏ အသင်းတော်**

အသင်းတော်တွင် ခေါင်းဆောင်မှု၊ ထောက်ပံ့မှု၊ တပည့်တော်ဖြစ်စေခြင်းဆိုင်ရာ အမှုတော်ဆောင်လုပ်ငန်း....

**ကျွန်ုပ်၏ လူမှုပတ်ဝန်းကျင်**

တက္ကသိုလ်များနှင့် ပညာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသခံ အစိုးရ၊ သတင်းကောင်း သွားရောက်ဝေငှနိုင်မည့် အခွင့်အရေးများ................

**အကျွန်ုပ်၏ နိုင်ငံ**

အစိုးရ အရာရှိများ၊ ဝိညာဉ်ရေးရာ ပြန်လည်နိုးကြွခြင်း၊ စီးပွားရေးတိုးတက်ကြီးပွားခြင်း၊ ငြိမ်းချမ်းရေးနှင့် ..........



# EVERY NATION

## အသင်းတော်သည်လက်ရှိတွင် နိုင်ငံပေါင်း ၈၁ နိုင်ငံတွင် အမှုတော်လုပ်ငန်းများလုပ်ဆောင်နေပါသည်။

ကျွန်ုပ်တို့မျိုးဆက်ကိုပေးထားသော ရူပါရုံအားပြည့်စုံစေခြင်း

ဘုရားသခင်သည် ကျွန်ုပ်တို့မျိုးဆက်တွင် တိုင်းနိုင်ငံတိုင်း၌ အမှုတော်လုပ်ငန်းများ လုပ်ဆောင်ရန်ခေါ်ထားသည်။ ကျွန်ုပ်တို့ကို တာဝန် နှင့် အချိန်သတ်မှတ်ပေးထားသည်။

ကျွန်ုပ်တို့သည် တိုင်းနိုင်ငံများအတွက်ဆုတောင်းပေးရမည်၊ ကျောင်းပရဝုဏ်တွင်း အမှုတော်လုပ်ငန်းများကို ဦးစားပေးရမည်၊ ဧဝံဂေလိသတင်းစကား၏ ထူးမြတ်ခြင်းကို အသိအမှတ်ပြုရမည်။

**ကျန်ရှိနေသော တိုင်းနိုင်ငံပေါင်း ၁၁၄ အတွက် ဆက်လက်ဆုတောင်းပေးပြီး အသင်းတော်များ ပိုမို တည်ထောင်နိုင်ရန်အတွက် ဘုရားသခင် တံခါးများဖွင့်ပေးရန် ယုံကြည်ကိုးစားပါ။**

အာဖဂန်နစ်စတန်
အယ်လ်ဘားနီးယား
အယ်လ်ဂျီးရီးယား
အန်ဒိုရာ
အန်ဂိုရာ
အန်တီဂွာ နှင့် ဘာဘူဒါ
အာဂျင်တီးနား
အဇာဘိုင်ဂျန်
ဘဟားမားစ်


ဘားဘာဒိုးစ်
ဘေလာရုစ်လ်
ဘယ်လာဇီ
ဘီနင်း
ဘော့စ်နီးယား နှင့် ဟာဇီဂိုဗီနာ
ဘူလ်ဂေးရီးယား
ဘာဂီနာ ဖာဆို
ကာဘို ဗာဒီ
ကမ်မရွန်

အာဖရိကအလယ်ပိုင်း ပြည်သူ့သမ္မတနိုင်ငံ
ချက်ဒ်
ကိုမိုရိုစ်
ကွန်ဂို
ကော့စ်တာရီဂါ
ခိုတေး ဒီဗိုင်ရာ
ကျူးဘား
ဆိုက်ပရပ်စ်
ချက်စ် ပြည်သူ့သမ္မတနိုင်ငံ

ကွန်ဂို ဒီမိုဂရက်ဒစ် ပြည်သူ့သမ္မတနိုင်ငံ
ဒိန်းမတ်
ဒဂျစ်ဘွန်တီ
ဒေါမနစ်ကာ
အီကွေဒေါ
အီဂျစ်
အယ်လ် ဆဲလ်ဗယ်ဒေါ
အီကွေဒေါရီယယ် ဂီနီ

Every Nation အသင်းတော်များရှိသောတိုင်းနိုင်ငံများ

ကျန်ရှိနေသောတိုင်းနိုင်ငံများ



အီရစ်ထရီးယား
အက်စ်တိုးနီးယား
အီသီယိုးပီးယား
ဖင်လန်
ဂမ်ဘီးယား
ဂရိ
ဂရန်နာဒါ
ဂွာတီမာလာ
ဂီနီ
ဂီနီ-ဘစ်ဆောင်း
ဂူရာနာ
ဟေတီ
ဟန်ဂေရီ
အိုက်စလန်
အီရတ်

လက်တ်ဗီယာ
လက်ဘန်နွန်
လက်စ်ဆိုသို
လိုင်ဘေးရီးယား
လစ်ဗျား
လစ်ချ်တန်စတိုင်း
လစ်သူယေးနီးယား
လန်ဇန်းဘတ်ဂ်
မက်ဆီဒိုးနီးယား
မာဒါဂတ်စ်ကား
မာလီ
မယ်လ်တာ
မာရှယ်လ်အိုင်လန်
မောရီတာနီးယား
မိုင်ခရိုနီဆီးယား

နီဂါ
မြောက်ကိုရီးယား
နော်ဝေး
ပါလောင်
ပါလက်စ်စတိုင်း
ပါရာဂွေး
ရုရှား
ရဝမ်ဒါ
စိန့်ခစ်ဇ် နှင့် နီဗစ်
စိန့်လူစီယာ
စိန့်ဗင်းဆင့် နှင့် ဂရန်နင်းဒင့်
ဆမိုးအား
ဆန်မာရီနို
ဆောင်တူမေး နှင့် ပရင်စီပီ
ဆီနီဂေါ

စလိုဗေးနီးယား
ဆော်လမွန်ကျွန်းစု
ဆိုမာလီယာ
တောင်ဆူဒန်
ဆူဒန်
ဆူရာနမ်
ဆွီဒင်
ဆွစ်ဇလန်
ဆီးရီးယား
တန်ဇန်းနီးယား
တွန်ဂါ
ထရီနီဒတ် နှင့် တိုဘက်ဂို
တူနီးရှား
တာ့ခ်မင်နစ္စတန်
တူဗားလူ

အစ္စရေး
အီတလီ
ဂျမေကာ
ကန်ညာ
ကီရိဘတ်တီ
မောလ်ဒိုဗာ
မိုနာကို
မွန်တီနီဂရိုး
မောရိုကို
နောင်ရူ
ဆားဘီးယား
ဆေးရှဲ
ဆီယာရာ လီယွန်း
ဆလိုဗက်ကီးယား

ဥရုဂွေး
ဥဇဘက်ကစ္စတန်
ဗနွားတူ
ဗာတီကန်စီတီး
ယီမင်

# ကမ္ဘာလုံးဆိုင်ရာ အသင်းတော် ၄၄၇ ပါး တည်ထောင်ပြီးဖြစ်ပြီး လက်ရှိတည်ထောင်နေဆဲ အသင်းတော် ၉၆ ပါးရှိပါသည်။

အသင်းတော်များပိုမိုတည်ထောင်နိုင်ရန် ဆုတောင်းပါ။

ငါ့ကိုတောင်းလော့။ လူအမျိုးမျိုးတို့ကိုသင်၏ အမွေဥစ္စာဘို့ငါပေးမည်။ မြေကြီးစွန်းတိုင်အောင် ပိုင်ထိုက်သောအခွင့်ကိုလည်းငါပေးမည်။ ဆာလံကျမ်း ၂း ၈

ကျွန်ုပ်တို့၏ တည်ထောင်နေဆဲအသင်းတော်များအတွက် တပည့်တော်ဖြစ်စေခြင်း၊ သူတို့၏ လူမှုဝန်းကျင်၏ လိုအပ်ချက်များကိုဖြည့်ပေးခြင်းနှင့် ဧဝံဂေလိသတင်းကောင်းကို မြို့အသစ်များတွင် ဝေငှခြင်းများအတွက် ဆုတောင်းပေးပါ။

| | | |
|---|---|---|
| အာမေးနီးယား | အီရန် | ဖိလစ်ပိုင် |
| ဩစတြေးလျ | လာအို | ပေါ်တူဂီ |
| ဘော့ဆွာနာ | မာလာဝီ | ရိုမေးနီးယား |
| ဘရာဇီး | မော်လ်ဒိုက် | စကော့တလန် |
| ကမ္ဘောဒီးယား | မောရစ်ရှ | တောင်အာဖရိက |
| ကနေဒါ | မက္ကဆီကို | ထိုင်ဝမ် |
| တရုတ် | မွန်ဂိုးလီးယား | တာဂျီကစ္စတန် |
| ခရိုအေးရှား | မိုဇမ်ဘစ် | အရှေ့တီမော |
| ပြင်သစ် | နီပေါ | ယူအေအီး |
| ဂျော်ဂျီယာ | နယ်သာလန် | အမေရိကန် |
| ဟွန်ဒူးရပ်စ် | နယူးဇီလန် | ဗီယက်နမ် |
| အိန္ဒိယ | နီကာရာဂွါ | ဇမ်ဘီယာ |
| အင်ဒိုနီးရှား | ပနားမား | ဇင်ဘာဘွေ |

## ကျောင်းပရဝုဏ်တွင်း အမှုတော်လုပ်ငန်းများ နှင့် စတင်ချိတ်ဆက်ခြင်း အစီစဉ် ၁၈၉၆ ခု တည်ရှိနေသည်။

> "ထိုအကြောင်းကြောင့်လုပ်ဆောင်သော သူတို့ကို စပါးရိတ်စေခြင်းငှာ စေလွှတ်တော်မူ မည့် အကြောင်း စပါးရှင်ကိုဆုတောင်းကြလော့ဟု တပည့်တော်တို့အားမိန့်တော်မူ၏"

ရှင်မဿဲခရစ်ဝင်ကျမ်း ၉း ၃၈

## တက္ကသိုလ်ကျောင်းပရဝုဏ်များမှတဆင့် တစ်ကမ္ဘာလုံးကို အရောက်လှမ်း ဖို့ ရှုပါရုံရှိသည်။

ကျွန်ုပ်တို့သည် ကျောင်းပရဝုဏ်တွင်း အမှုတော်လုပ်ဆောင်သည့် အသင်းတော်များကို တည်ထောင်သည်။ အဘယ်ကြောင့်ဆိုသော် တက္ကသိုလ်ကျောင်းများ ပြောင်းလဲလျှင် မိသားစု၊ တိုင်းနိုင်ငံ နှင့် နောက်ဆုံး တစ်ကမ္ဘာလုံးထိ ပြောင်းလဲနိုင်သည်ကို အခိုင်အမာ ယုံကြည်သောကြောင့်ဖြစ်သည်။ ကျောင်းပရဝုဏ်တွင်း အမှုတော်လုပ်ငန်းသည် တက္ကသိုလ်ကျောင်းသား/သူများရှိရာ ကျောင်းပရဝုဏ်တွင်းသို့ ဧဝံဂေလိသတင်းကို အရောက်ယူဆောင်သွားနိုင်ရန်အတွက် ဆက်ကပ်မြုပ်နှံထားခြင်းဖြစ်သည်။ အစေခံရန်၊ ထိရောက်သော အကျိုးသက်ရောက်မှုရှိရန်၊ သွား၍ ဧဝံဂေလိတရားဟောကြားရန် ခေါ်ထားခြင်းခံရသော လုပ်ငန်းဖြစ်သည်။

## ဆုတောင်းချက်

- ယခုနှစ်တွင် ကျောင်းသားသစ်များကို သတင်းကောင်းဖြင့်ထိတွေ့ရန်
- ကျောင်းပရဝုဏ်တွင်း အမှုတော်ဆောင်များ နှင့် အသင်းတော်များကို တက္ကသိုလ်၊ ကောလိပ်ကျောင်းသား/သူများအား ဧဝံဂလိသတင်းကောင်းပြောကြားခြင်း နှင့် တပည့်တော်ဖြစ်စေခြင်းလုပ်ဆောင်ရာတွင် ဉာဏ်ပညာပေးရန်
- ကျောင်းသား/သူများနှင့်ထိတွေ့နိုင်ရန် ကျောင်းတာဝန်ရှိသူများ၏ လိုလားမှုကို ရရှိစေရန်
- ကျောင်းပရဝုဏ်သစ်များကို ထိတွေ့နိုင်ဖို့ တံခါးများပွင့်လာရန်





# နှုတ်ကပတ်တော်သည် မုန့်ကဲ့သို့ဖြစ်တော်မူသည်

**ဖတ်ရန်။ တရားဟောရာကျမ်း ၈ း ၁-၂၀**

> ထိုသို့ သင့်ကိုနှိမ့်ချ၍ အငတ်အမွတ်ခံစေတော်မူသောအခါ၊ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ ဘိုးဘေးမသိဖူးသော မန္နနှင့် ကျွေးမွေးတော်မူသဖြင့်၊ လူသည် မုန့်အားဖြင့်သာ အသက်ကို မွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။
>
> တရားဟောရာကျမ်း ၈ း ၃

**နောက်ထပ်ဖတ်ရန်။ ရှင်မဿဲ ၄း ၃-၄၊ ရှင်လုကာ ၄း ၁-၄၊ ရှင်ယောဟန် ၄း၃၄**

ပေါင်မုန့်သည် ရှေးဟောင်းအရှေ့ပိုင်းတိုင်းဒေသများ၏ အဓိကစားသုံးသော အစားအစာ ဖြစ်ပါသည်။ ယခုအချိန်အထိ များစွာသောရိုးရာယဉ်ကျေးမှုများတွင် ပေါင်မုန့်ကို သူတို့၏ အစားအစာများတွင် ထူးထူးခြားခြားပျံ့နှံ့စွာဖြင့် ထည့်၍ စားသုံးလေ့ရှိပါသည်။ ပေါင်မုန့်များ တွင် မာကြွပ်ပြီးရှည်သွယ်သော ပြင်သစ် ပေါင်မုန့်၊ တဆေးမပါသော အိန္ဒိယ ရိုတီပေါင်မုန့်၊ ရေမြုပ်နှင့်တူသော အီသီယိုးပီးယား အင်ဂျာယာပေါင်မုန့်၊ ပြောင်းမှုန့်ဖြင့်ပြုလုပ်ထားသော မက်ဆီကို ချာပါတီ နှင့် နူးညံ့သော ဖိလစ်ပိုင်ပေါင်မုန့်ဟူ၍ အမျိုးမျိုးရှိကြသည်။

သို့သော် တရားဟောရာကျမ်း ၈း၃ တွင် မောရှေက လူသည်မုန့်အားဖြင့်သာ အသက်မွေး ရသည်မဟုတ်ဟု ဖော်ပြထားသည်။ဣသရေလလူမျိုးများသည် တောထဲတွင်ကျင်လည်နေ ရသောအချိန်တွင် ဘုရားသခင်သည် သူတို့အဖို့ မိုးကောင်းကင်မှ မုန့်မိုးကိုရွာစေခြင်းဖြင့် မန္နမုန့်ကို ထောက်ပံ့ပေးခဲ့သည်။ ယခုသူတို့ ကတိတော်ပြည်ဖြစ်သော ကြွယ်ဝခြင်းနှင့် ပြည့်စုံသောပြည်ကိုဝင်စားဖို့ ပြင်ဆင်သောအခါ မောရှေသည် သူ၏လူများအား တောထဲတွင် ဘုရားသခင် မန္နမုန့်ကျွေးမွေးခဲ့ခြင်းအားသူတို့ကို ပြန်လည်သတိပေးခဲ့သည်။ နေရာဒေသ အသစ်သို့ရောက်ရှိသောအခါ မိုးကောင်းကင်မှ မုန့်မိုးကို ရွာစရာ မလိုတော့ ရင်တောင်မှ သူတို့သည် ဘုရားသခင်အားထိုနည်းတူစွာ ဆက်လက်ကိုးစားယုံကြည်ဖို့နှင့် ဘုရားသခင် သည် မပြောင်းလဲသောသူဖြစ်ကြောင်းသတိပေးခဲ့ပါသည်။ ကတိတော်နယ်မြေတွင်

ဆက်လက် ရှင်သန်ရပ်တည်ရန်အတွက် ဘုရားသခင်၏စကားတော်များအား နာခံခြင်းဖြင့် ယုံကြည့်လိုက်လျှောက်အသက်ရှင်ရန်လိုပါသည်။ သူတို့သည် အသက်ရှင်ရပ်တည်ဖို့ အတွက် ပေါင်မုန့်ကိုလိုအပ်သကဲ့သို့ ဘုရားသခင်၏ နှုတ်ကပတ်တော်ကိုလည်း ပေါင်မုန့်ကဲ့သို့ မရှိမဖြစ်လိုအပ်ပါသည်။

ထိုနည်းတူစွာပဲ ကျွန်ုပ်တို့သည် ပေါင်မုန့် (ထမင်း / အဓိက အစားအစာ ) အပေါ်မှာ အသက်ရှင်ရပ်တည်ရသကဲ့သို့ ဘုရားသခင်၏နှုတ်ကပတ်တရားအပေါ်မှာ မှီခို ရပ်တည် အသက်ရှင်ရပါမည်။ အစာရှောင်နေသောနေ့ရက်တိုင်းတွင် ကျွန်ုပ်တို့ခန္ဓာကိုယ်သည် ပေါင်မုန့်မှ ရရှိသော အာဟာရကို အလွန်တောင့်တသောစိတ်ရှိလိမ့်မည်။ အစာကို ကျွန်ုပ်တို့ ဤမျှလောက် လိုအပ်ကြောင်းကိုသိသော အသိသည်  နှုတ်ကပတ်တော်ကို မုန့်အဖြစ် ဥပမာပေးထားခြင်းကို ပိုပြီးနားလည်လာစေသည်။  ဘုရားသခင် နှင့် နှုတ်ကပတ်တော်ကို နေ့စဉ် လိုအပ်ကြောင်းကို အမြဲအောက်မေ့သတိရလျှက် ကျွန်ုပ်တို့ခန္ဓာကိုယ်သည် ပေါင်မုန့်ကို တောင့်တသကဲ့သို့ နှုတ်ကပတ်တော်ကိုလည်း ဆာငတ်တောင့်တရမည်။

အမှန်မှာ ရှင်ယောဟန်ခရစ်ဝင်ကျမ်းတွင် ယေရှုကိုယ်တိုင်သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ဖြစ်ကြောင်းကို ကျွန်ုပ်တို့လေ့လာရသည်။ ယေရှုကလည်း "ငါသည် အသက်မုန့်ဖြစ်၏"။ ငါ့ထံသို့လာသောသူသည် နောက်တဖန် အဆာအမွတ်မခံရ၊ ရေငတ်မခံရ ဟု ကတိရှိခဲ့ပါသည်။ ကျွန်ုပ်တို့သည် ဘုရားသခင်ရှေ့တော်သို့လာပြီး၊ မိမိကိုယ်ကို နှုတ်ကပတ်တော်ဖြင့်ဖြည့်သောအခါ  သူ၏ကယ်တင်ခြင်းကို ရရှိပြီး စေကန်အမှန် ပြီးပြည့်စုံခြင်းကို ခံစားရမည်ဖြစ်သည်။

ဘုရားသခင်၏နှုတ်ကပတ်တော်သည် စစ်မှန်သည်။  တန်ခိုးလည်းကြီးပေသည်။ ထို့အပြင် နှုတ်ကပတ်တော်အားဖြင့် ဘုရားသခင်သည် မည်သူဖြစ်ကြောင်းကို သူကိုယ်တိုင် ကျွန်ုပ်တို့အားဖော်ပြ၍၊  ကျွန်ုပ်တို့အသက်တာကို ပြောင်းလဲပေးခြင်း၊ သူ့အတွက် အသက်ရှင်ရန် ခွန်အားပေးခြင်းတို့ကိုပြုပေးသည်။

အစာရှောင် ဆုတောင်းခြင်း ရက်သတ္တပတ်ကို လုပ်ဆောင်ခြင်းအားဖြင့် ကျွန်ုပ်တို့သည် ပေါင်မုန့်ကို နေ့စဉ်နှင့်အမျှ တောင့်တသကဲ့သို့ နှုတ်ကပတ်တော်ကိုလည်း တိုး၍ဆာငတ်တောင့်တပါစေ။

သင် ဘုရားသခင်အပေါ် မှီခိုအားထားခဲ့သော အခြေအနေကို ပြန်လည်စဉ်းစားကြည့်ပါ။ ထိုအခြေအနေ၌ သင့်ကိုဆက်လက် ခိုင်မြဲတည်တံ့စေသောကြောင့် ကျေးဇူးတော်ချီးမွမ်းပါ။

---

---

---

ယခင်နှစ်တွင် သင့်အတွက် ဆက်လက်ခွန်အားဖြစ်စေခဲ့သောကျမ်းချက် (သို့) ကျမ်းပိုဒ်မှာ အဘယ်နည်း? နှုတ်ကပတ်တော်သည် သင့်အသက်တာအတွက် ယုံကြည်စိတ်ချရပြီး ခွန်အားပေးခဲ့ခြင်းအပေါ်၌ ဘုရားသခင်အား ချီးမွမ်းကိုးကွယ်ပါ။

---

---

---


## နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား တည်တံ့စေသည်

# တရားဟောရာကျမ်း ၈း၃

ထိုသို့ သင့်ကိုနှိမ့်ချ၍ အငတ်အမွတ်ခံစေတော်မူသောအခါ၊ သင်သည် ကိုယ်တိုင်မသိ၊ သင်၏ဘိုးဘေးမသိဖူးသော မန္နနှင့် ကျွေးမွေးတော်မူသဖြင့်၊ လူသည် မုန့်အားဖြင့်သာ အသက်ကိုမွေးရသည်မဟုတ်။ ဘုရားသခင်မိန့်တော်မူသမျှအားဖြင့် အသက်မွေးရသည်ကို သိစေတော်မူ၏။

ဘုရားသခင်၊ သမ္မာကျမ်းစာအား ကျွန်ုပ်တို့အား  လက်ဆောင်အဖြစ်ပေးသည့်အတွက် ကျေးဇူးတော်ချီးမွမ်းပါ၏။ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်အားစကားပြောသည့်အတွက် သော်လည်းကောင်း၊ ကိုယ်တော်သည် ကျွန်ုပ်အတွက်ဖြစ်ကြောင်း သတိပေးသည့် အတွက်သော်လည်းကောင်းကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ ထာဝရတည်သော ဝိသေသလက္ခဏာကို ကျွန်ုပ်အားညွှန်ပြ၍ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်း၊ နှလုံးသွင်း ဆင်ခြင်ခြင်းပြုသောအခါ ကိုယ်တော်၏အသံကို ကြားရခြင်းအခွင့်ကိုရပါပြီ။ ဘုရားသခင် ကျွန်ုပ်သည် နေ့ရက်စဉ်တိုင်း နှုတ်ကပတ်တော်၌ တည်နေပါမည့်အကြောင်းနှင့် ကိုယ်တော်ရှင်နှင့် အတူလျှောက်လှမ်းအသက်ရှင်ခြင်း အားဖြင့် ရင့်ကျက်သော အသက်တာကိုလိုချင်သောစိတ်နှလုံးရှိပါမည့်အကြောင်း ကူညီမစတော်မူပါ။ နှုတ်ကပတ်တော်သည် ကျွန်ုပ်နှလုံး အလိုကိုပြည့်စုံစေ၍ အကျွန်ုပ်ဝိညာဉ်အား ခွန်အားနှင့်ဖြည့်ပေးတော်မူပါပြီ။ ဤရက်သတ္တပတ်တွင် ကျွန်ုပ်သည် မိမိကိုယ်ကို ဆက်ကပ်အပ်နှံ၍ အစာရှောင်ဆုတောင်းခြင်းအားဖြင့် ကိုယ်တော်ကို ပိုသိမြင်လာရန်၊ တိုး၍ချစ်လာရန်  ကိုယ်တော်ရှင်နှင့်သာ၍ နီးစေပါမည့် အကြောင်း ယေရှုနာမ၌ ဆုတောင်းပါ၏။

အာမင်။



## ပထမနေ့



# နှုတ်ကပတ်တော်သည် မျိုးစေ့ဖြစ်တော်မူသည်

**ဖတ်ရန်။ ရှင်ပေတရုဩဝါဒစာ ပထမစာစောင် ၁း ၁၃-၂၅**

> သင်တို့သည် ဖောက်ပြန်ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ဘွားသည်မဟုတ်၊ မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွားသောကြောင့် ............

ရှင်ပေတရုဩဝါဒစာ ပထမစာစောင် ၁း ၂၂ - ၂၃

**နောက်ထပ်ဖတ်ရန်။ ရှင်မာကု ၄း ၃ - ၉၊ ၁၃ -၂၀**

ဤကျမ်းပိုဒ်တွင် ရှင်ပေတရုမှ မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော် အားဖြင့် ဖြစ်ဖွားသောကြောင့် ဟု ကျွန်ုပ်တို့အား ညွှန်ပြထားပါသည်။ ထိုစကား၏အဓိပ္ပါယ်သည် ဘယ်အရာကိုဆိုလိုပါသနည်း? ဘုရားသခင်သည် ကျွန်ုပ်တို့ကို ကယ်တင်ဖို့ရန် ယေရှုခရစ်တော်အားဖြင့် အမှုပြုခဲ့သော သတင်းကောင်းကို နှုတ်ကပတ်တော်တွင်တွေ့နိုင်သည်။ နှုတ်ကပတ်တော်တွင် တွေ့ရသော ထိုသတင်းကောင်းအားဖြင့် လူသည် အသစ်တစ်ဖန် မွေးဖွားခြင်း (ဒုတိယမွေးခြင်း) ကိုခံရသည်။ သို့သော် ဘုရားသခင်သည် လူသားများကို ကယ်တင်မည့် သူ၏ အကြံစည်တော်ကို နှုတ်ကပတ်တော် အားဖြင့်သာဖော်ပြခဲ့ခြင်း မဟုတ်ဘဲ သူကိုယ်တိုင် လောကိုကြွဆင်းလာ၍ ဖော်ပြခဲ့သည်။ ထို့ကြောင့် ရှင်ပေတရုသည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသည် ဟု ခေါ် ဝေါ်ခြင်းဖြစ်သည်။

ရှင်ပေတရုသည် ဘုရားသခင်၏နှုတ်ကပတ်တော်ကို မဖောက်ပြန်မပျက်စီးနိုင်သော မျိုးစေ့နှင့် နှိုင်းယှဉ်ထားပါသည်။ မျိုးစေ့၏ စိတ်ဝင်စားဖို့ကောင်းသည့်အချက်မှာ မစိုက်ပျိုးခင်တွင် အနည်းငယ် မွဲခြောက်နေသောကြောင့် ရှင်သန်ဖို့ မသေချာသောအနေထားတွင်ရှိသည်။

သို့သော်၊ သင့်လျော်သော အခြေအနေ၊ စိုစွတ်၍ ကြွယ်ဝသော မြေဆီလွှာတွင် ထိုမျိုးစေ့ ကို စိုက်ပျိုးပါက အပင်ပေါက်လာပြီး ကျွန်ုပ်တို့စောင့်နေသော ရှင်သန်ခြင်းရဲ့ လက္ခဏာများကို မြေပေါ်တွင် တွေ့လာရမည်ဖြစ်သည်။ အပင်ပေါက်လာရန် သင့်လျော်သော အခြေအနေတွင် မျိုးစေ့သည် စိုက်ပျိုးခံရဖို့လိုသည့်နည်းတူ နှုတ်ကပတ်တော်သည်လည်း ယုံကြည်သော နှလုံးသား၏ ကောင်းသောမြေဆီလွှာတွင် စိုက်ပျိုးခံရဖို့ စောင့်နေသည်။ ထို့နောက် သန့်ရှင်းသောဝိညာဉ်တော်အားဖြင့် နှုတ်ကပတ်တော်သည် အညှောက်ပေါက် ၊ အမြစ်တွယ်ပြီး ကြီးထွားလာကာ ထိတွေ့သမျှအပေါ် ရှင်သန်ခြင်း နှင့် လှပခြင်းကို သယ်ဆောင်လာမည်။

ကျွန်ုပ်တို့သည် အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော် ကို ယုံကြည်လက်ခံသော အခါ စကြာဝဠာအား ပိုင်သတော်မူသော၊ အရာခပ်သိမ်းကို ဖန်ဆင်းပြီး အရာခပ်သိမ်းကို အသစ်ဖြစ်စေတော်မူသော ဘုရားသခင်နှင့် နဖူးတွေ့ဒူးတွေ့ တွေ့ကြုံခံစားရမည်ဖြစ်ပါသည်။ သူနှင့် တွေ့ဆုံသောအခါ ကျွန်ုပ်တို့၏ အသက်တာသည် သေချာပေါက်ပြောင်းလဲလာမည်ဖြစ်သည်။ သင့် အသက်တာထဲ၌ ခမ်းခြောက်နေသော အစိတ်အပိုင်းများရှိကောင်းရှိနိုင်ပါသည်။ ပျောက်ဆုံးသော ဝိညာဉ်များ အပေါ်ထားသော သင်၏ ချစ်ခြင်းမေတ္တာ ဆုတ်ယုတ်ကောင်း ဆုတ်ယုတ်နေတာ ဖြစ်နိုင်သလို (သို့မဟုတ်) ဘုရားသခင်၏ သာသနာအတွက် သင်၏ စိတ်အားထက်သန်မှုမီး ငြိမ်းနေနိုင်တာလည်းဖြစ်နိုင်သည်။ သင့် အသက်တာထဲ၌ မွဲခြောက်ပြီး သေနေသော အစိတ်အပိုင်းအား ထာဝရတည်မြဲမည့် အသစ်တစ်ဖန်မွေးဖွားခြင်းကိုဖြစ်စေသော အသက်ရှင်၍ အစဉ်အမြဲတည်တော်မူသည့် နှုတ်ကပတ်တော်သည် မည့်သည့်အခါမှ တန်ခိုးလျော့သွားမည်မဟုတ်ပါ။ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အသက်တာကို တို့ထိပြီး ပြောင်းလဲစေသောကြောင့် မည်သည့်နေရာကို သွားပါစေ၊ မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့တည်းကို မစိုက်ပျိုးဘဲ၊ ကျွန်ုပ်တို့ကို ကယ်တင်ဖို့ရန် ယေရှုပြုခဲ့သော သတင်းကောင်းကို မပြောဘဲ မနေနိုင်ပါ။

သင် ပထမဆုံး ဧဝံဂေလိသတင်းစကားကြားခဲ့ရသော အချိန်ကို ပြန်စဉ်းစားပါ။
တစ်စုံတစ်ယောက်က သင့်ကို ထို သတင်းစကားဝေမျှခဲ့ပါသလား?
ထိုအကြောင်းအရာကို ပြန်လည်ဆင်ခြင် အောက်မေ့သောအခါ ဘုရားသခင်ပေးသော ကယ်တင်ခြင်းဆုကျေးဇူးအတွက် ကျေးဇူးတော်ချီးမွမ်းပါ။

နှုတ်ကပတ်တော်သည် အသက်ရှင်၍အစဉ်အမြဲတည်တော်မူသောကြောင့် ဤရက်သတ္တပတ်တွင် သင့်အသက်တာ၌ မည်သည့် အစိတ်အပိုင်းများကို အသစ်တဖန်မွေးဖွားစေနိုင်မည်နည်း။


နှုတ်ကပတ်တော်သည် အရာခပ်သိမ်းကို အသစ်ဖြစ်စေသည်

## ရှင်ပေတရုဩဝါဒစာ ပထမစာစောင် ၁ း ၂၂ - ၂၃

သင်တို့သည် ဖောက်ပြန် ပျက်စီးတတ်သော မျိုးစေ့အားဖြင့် ဖြစ်ဘွားသည်မဟုတ်၊ မဖောက်ပြန်မပျက်စီးတတ်သော မျိုးစေ့တည်းဟူသော အသက်ရှင်၍ အစဉ်အမြဲ တည်တော်မူသော ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် ဖြစ်ဘွားသောကြောင့်၊ .....

ဘုရားသခင်၊ ကိုယ်တော်၏နှုတ်ကပတ်တော်သည် မဖောက်ပြန် မပျက်စီးတတ်သော မျိုးစေ့ဖြစ်ပြီး ကျွန်ုပ်အသက်တာ၏ အစိတ်အပိုင်းအားလုံးကို ပြန်လည် အသစ်တစ်ဖန် ဖြစ်စေနိုင်သည်ကို ကျွန်ုပ်ယုံကြည်ပါ၏။ ကိုယ်တော်သည် နှုတ်ကပတ်တော်၏မျိုးစေ့အားဖြင့် ကျွန်ုပ်ကို စုံလင်စေသည်၊ ယုံကြည်မှုရှိစေသည်၊ လုံခြုံစိတ်ချစေကြောင်းကို သိခြင်းသည် ကျွန်ုပ်၏ နလုံးသားကြေကွဲခြင်း၊ ရှုပ်ထွေးခြင်း နှင့် စိတ်မလုံခြုံခြင်းများကို ကိုယ်တော့် ရှေ့တွင် အကျွန်ုပ်ယူဆောင်လာနိုင်ပါသည်။ ကိုယ်တော်သည် သေလျက်ရှိနေသော အကျွန်ုပ်ကို အသက်ရှင်စေတော်မူပြီ။ ကျွန်ုပ်၌ ကောင်းသောအမှုကို အစပြုခဲ့သော ကိုယ်တော်သည် သစ္စာနှင့် ပြည့်စုံသောကြောင့် ထိုအမှုကို ပြီးမြောက်စေပါမည်။ ဘုရားသခင်၊ ကျွန်ုပ်၏ဘေးပတ်ဝန်းကျင်တွင်ရှိသော သူများအား ကိုယ်တော်၏ မေတ္တာရောင်ပြန်ဟပ်နိုင်စေရန် အကျွန်ုပ်ကို ပုံသွင်းပြောင်းလဲပေးပါမည့် အကြောင်း ဆုတောင်းပါ၏။ ကိုယ်တော်သည် နှုတ်ကပတ်တော်ကို ကျွန်ုပ်၏ အသက်တာတွင် စိုက်ပျိုးထားသောကြောင့် ကျွန်ုပ်သွားလေရာ၌ ဧဝံဂေလိသတင်းစကားကို ရဲဝံ့စွာ ဝေငှပေးပြော သက်သေခံနိုင်ပါမည့် အကြောင်းဆုတောင်းပါသည်။ အာမင်။

အာမင်။





# နှုတ်ကပတ်တော်သည် အလင်းဖြစ်တော်မူသည်

ဖတ်ရန်။ ဆာလံကျမ်း ၁၁၉း ၁၀၅ - ၁၁၂

> နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊
> အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။ ဆာလံကျမ်း ၁၁၉း ၁၀၅

နောက်ထပ်ဖတ်ရန်။ ဆာလံကျမ်း ၁၁၉း ၁၃၀

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အသက်တာအတွက် ပြီးပြည့်စုံသောလမ်းညွှန် ဖြစ်ကြောင်းကို ဉာဏ်ပညာသီချင်းဖြစ်သည့် ဆာလံ ၁၁၉ တွင် အသေးစိတ်ရှင်းပြထားသည်။ အခန်းငယ် ၁၀၅ တွင်၊ နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ် လမ်းခရီးကို လင်းစေပါ၏ဟု ဆာလံဆရာက ဆိုထားသည်။ ရှေးခေတ် အနောက်တောင် အာရှဒေသများတွင် ဆီမီးခွက်၏ မီးစာသည် အိုး၏ ဘေးတွင်ရှိသော သေးငယ်သည့် နှုတ်ခမ်းဝတွင် ထွန်းထားလျှက်ရှိသည်။ ဆီမီးခွက်ထဲသို့ဆီအပြည့် ဖြည့်၍ မီးစာကို မီးညှိ လိုက်လျှင် အလွန်မှောင်သောအခန်းတွင်လုံလောက်သော အလင်းရောင်ပေးစွမ်းနိုင်သည် ကို မြင်တွေ့ရသည်။

ကျွန်ုပ်တို့သည် ဘဝတစ်လျှောက်လုံးတွင် ပြုလုပ်ရမည့် ဆုံးဖြတ်ချက်များ၊ ရင်ဆိုင်နေရသော ခက်ခဲသည့် အခြေအနေများ၊ ရုန်းကန်နေရသည့် အတွေးအခေါ် နှင့် အယူဝါဒများ စသဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်နိုင်စွမ်းထက်ကျော်လွန်သော အခြေအနေများနှင့် ရင်ဆိုင်ရလေ့ရှိသည်။ ကျွန်ုပ်တို့သည် ထိုရာများကို မိမိတို့ကိုယ်တိုင် အဖြေရှာရန် ကြိုးစားသော်လည်း လမ်းညွှန်မှု မရှိသည့်အခါ အမှောင်ထဲတွင် ကျွန်ုပ်တို့ လဲကျသွားတတ်ကြသည်။

ကျွန်ုပ်တို့ရှေ့မှ အမှောင်လမ်းကိုလင်းစေဖို့အတွက် ယုံကြည်ထိုက်သော အလင်းရောင်တစ်ခု လိုအပ်သည်။

နှုတ်ကပတ်တော်တွင် ကျွန်ုပ်တို့သည် ထိုသို့သောလမ်းညွှန်ချက်မျိုးကို တွေ့ရှိရသည်။ ၂ တိ ၃:၁၆ တွင် ပေါလုက ကျမ်းစာအားလုံးသည် ဘုရားသခင် မှုတ်သွင်းသော နှုတ်ကပတ်တော် ဖြစ်ပြီး သမ္မာကျမ်းစာတွင် တွေ့ရသည့်စကားလုံးများသည် ဘုရားသခင်ထံမှဖြစ်သည်ဟု ဆိုလို သည်။သင့်ဘဝမှာ တစုံတခုပြောတဲ့အခါ သံသယကင်းကင်းနှင့် ထိုသူ၏စကားများကို မေးခွန်းမရှိ ယုံကြည်စိတ်ချနိုင်သူ တစ်ယောက်ရှိသလား။ လူတစ်ဦး၏စကားကို ကျွန်ုပ်တို့ ယုံကြည်နိုင်လျှင် ကိုယ်တော်သည် ကောင်းမြတ်ကြောင်း အကြိမ်ကြိမ် သက်သေပြခဲ့သော ကြောင့်၊ စုံလင်သောဘုရားသခင်၏စကားများကို ကျွန်ုပ်တို့ အဘယ်မျှလောက်တောင် ယုံကြည်လို့ရနိုင်မည်နည်း။ ဘုရားသခင်သည် ယုံကြည်စိတ်ချရ၍ ကိုးစားထိုက်သူ ဖြစ်သော ကြောင့် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အားကိုးခိုလုံရာဖြစ်လျက် ယုံကြည်စိတ်ချရ သည့် လမ်းညွှန်ဖြစ်သည်။

လက်ရှိတွင် သင်၏လုပ်ဆောင်နိုင်စွမ်းထက်ကျော်လွန်သော အခြေအနေများဖြစ်သည့် ပြုရမည့်ဆုံးဖြတ်ချက် သို့မဟုတ် တုံ့ပြန်ရမည့် ခက်ခဲသော အခြေအနေတစ်ရပ်ရပ်နှင့် ကြုံတွေ့ကောင်းကြုံနေရနိုင်သည်။ နှုတ်ကပတ်တော်သည် တောက်ပသော အလင်းဖြစ်၍ သင်၏အမှောင်လမ်းခရီးကို လမ်းညွှန်ပြသပြီး၊ သင်လိုအပ်သော ဉာဏ်ပညာကိုပေးသည်။ ထို့နောက် နှုတ်ကပတ်တော်သည် ဉာဏ်ပညာကို ပေးစွမ်းနိုင်သည် သာမက ဘုရားသခင်၏ စကားတော်ကို နာခံလိုက်လျှောက်လျှင် သင်သည် ဉာဏ်ပညာရှိသောသူအဖြစ် ကြီးထွား ရင့်ကျက်လျက် လောကမှောင်မိုက်ထဲတွင် ဘုရား၏ အလင်းကို ထွန်းလင်းသောသူအဖြစ် ရပ်တည် အသက်ရှင်နိုင်မည်ဖြစ်သည်။

ခက်ခဲသောအခြေအနေကို သင် ဖြတ်သန်းနေရချိန်တွင် ဘုရားသခင်၏ နှုတ်ကပတ်တော်သည် သင့်အား ဉာဏ်ပညာဖြင့် လမ်းပြခဲ့မှုကို စဉ်းစားပါ။ သူ၏ လမ်းပြခြင်းအတွက် ကျေးဇူးတော်ချီးမွမ်းရန် အချိန်ယူပါ။

ဘုရားသခင်သည် ယုံကြည်ကိုးစားထိုက်သောသူဖြစ်သောကြောင့် ကိုယ်တော်အား ချီးမွမ်းထောမနာပြုပါ။ နှုတ်ကပတ်တော်လမ်းပြမှုကို သင့်အသက်တာ၏ မည်သည့်အစိတ်အပိုင်းတွင် ပိုမိုယုံကြည်ကိုးစားရမည်နည်း။

နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့အား လမ်းညွှန်ပြသပေးသည်။

# ဆာလံကျမ်း ၁၁၉း ၁၀၅

နှုတ်ကပတ်တော်သည် အကျွန်ုပ်ခြေရှေ့မှာ မီးခွက်ဖြစ်၍၊ အကျွန်ုပ်လမ်းခရီးကို လင်းစေပါ၏။

ကောင်းကင်ဘုံ၌ရှိတော်မူသောအဖ ဤမပြည့်စုံတဲ့လောကကြီးထဲမှာ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်အားဖြင့် ကျွန်ုပ်အားလမ်းပြပေးတော်မူပါပြီ။ ကိုယ်တော်သည် ကောင်းမြတ်တော်မူ၍၊ ယုံကြည်ထိုက်သောသူ၊ အရာခပ်သိမ်းအားသိကျွမ်းသောသူ၊ ကြင်နာသောသူ ဖြစ်တော်မူသောကြောင့် ကျွန်ုပ် ရင်ဆိုင်တွေ့ကြုံရသော အခြေအနေများတွင် ကိုယ်တော်ရှင်၏လမ်းပြမှုအပေါ် အကျွန်ုပ်အမှီပြုနိုင်ပါသည်။ ကိုယ်တော်သည် ကျွန်ုပ်၏ အသက်တာနှင့် ကျွန်ုပ်ပြုရမည့်ဆုံးဖြတ်ချက်များကို ဂရုစိုက်သောသူ ဖြစ်တော်မူ၏။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်သည် တန်ခိုးနှင့်ပြည့်စုံသောကြောင့် ပရမ်းပတာ ဖြစ်နေသော အရာများအား အစီအစဉ်ကျစေလျက် အမှောင်ထဲ၌လည်း အလင်းထွန်းလင်း ပေးတော်မူပါပြီ။ ကျွန်ုပ်သည် အဘယ်အရာကိုမျှ ကြောက်စရာအကြောင်းမရှိတော့ပါ။ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်အား အကျွန်ုပ်နှလုံးသားအတွင်းဆုံး၌ သိမ်းလျက် မည်ကဲ့သို့ ဖတ်ရှုသင့်ကြောင်း နှင့် ကျွန်ုပ်အသက်တာထဲတွင် မည်သို့ လက်တွေ့ လိုက်လျှောက်ရမည့်အကြောင်းကို သွန်သင်ပေးတော်မူပါ။

**အာမင်။**



# တတိယနေ့

# နှုတ်ကပတ်တော်သည် မှန် ဖြစ်တော်မူသည်

## ဖတ်ရန်။ ရှင်ယာကုပ်ဩဝါဒစာ ၁း ၁၉ -၂၅

> တရားကိုမကျင့်ဘဲ နာရုံမျှသာ ပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဍာန်ကို ချက်ချင်းမေ့လျော့တတ်၏။ ရှင်ယာကုပ်ဩဝါဒစာ ၁း ၂၃ -၂၄

## နောက်ထပ်ဖတ်ရန်။ ရောမဩဝါဒစာ ၂ း ၁၃

ဂျူးလူမျိုး ယုံကြည်သူခရစ်ယာန်များထံသို့ ရှင်ယာကုပ်သည် ရောမအင်ပါယာကြီးစိုးသော ကာလတလျှောက်တွင် ပင်ပန်းခက်ခဲမှုများကြား၌ဆင်းရဲဒုက္ခခံသူများနှင့် နှုတ်ကပတ်တော် အပေါ် လက်တွေ့လိုက်နာရမည့်အစား သူတို့၏ အနီး၌ရှိသော လောကလူများ အသက်ရှင် သကဲ့သို့ လိုက်လျှောက်နေသူများအတွက် ရေးသောစာ ဖြစ်သည်။ ထို့နောက် စာထဲ၌ ရှင်ယာကုပ်သည် ဘုရားသခင်၏စကားတော်အား ကြားရုံနှင့် မလုံလောက်ကြောင်း မီးမောင်း ထိုးပြထားပါသည်။ မိန့်မှာထားသည့် စကားတော်များကို ကျွန်ုပ်တို့ လက်တွေ့ ကျင့်သုံး လုပ်ဆောင်ရမည်ဖြစ်သည်။

ဤတွင်၊ ရှင်ယာကုပ်သည် နှုတ်ကပတ်တော်ကို ကြားနာပြီး လက်တွေ့လိုက်နာခြင်း မရှိသူ သည် မိမိကိုယ်ကို မှန်ထဲတွင် စေ့စေ့ကြည့်သော်လည်း အခြားတနေရာသို့ ရောက်သောအခါ သူ၏ပုံသဏ္ဍာန်ကို မေ့လျော့တတ်သောသူနှင့်တူကြောင်း ဖော်ပြထားသည်။ သရုပ်ဖော်ပုံ သည် မဖြစ်နိုင်သောပုံပေါ်နေသည်။ သင့်ကိုယ်သင် အနီးကပ်မှန်၌ ကြည့်ရှုလျှက် ခဏချင်းတွင် အဝေးတနေရာသို့ ရောက်သွားသည်နှင့် မည်သို့မေ့ပျောက်သွားနိုင်နည်း။

သို့သော် ဤအချက်သည် ရှင်ယာကုပ်၏ အထူးဖော်ပြချက်ဖြစ်သည်။ နံနက်မိုးလင်းသည်နှင့် မှန်ထဲ၌ မိမိ၏ဆံပင်များ ထောင်နေခြင်းရှိမရှိ သို့မဟုတ် မိမိသွားများ၌ တစုံတရာ ကပ်ငြိနေ ခြင်း ရှိမရှိ ကိုယ့်ကိုကိုယ် ဆန်းစစ်လေ့ရှိသည် မဟုတ်လော။ ဤဖြစ်စဉ်၌ သင့်မျက်နှာတွင် ဓရာမအညစ်အကြေးတစ်ခုရှိနေကြောင်း သတိထားမိလျှက်နှင့် အဝေးတနေရာသို့ သွားကာ မေ့ပစ်သွားနိုင်မည်လော။ သင့်မျက်နှာပေါ်ရှိ ညစ်ပေနေသည့် အညစ်အကြေးများကို ဖယ်ရှား ခြင်းမပြုဘဲ ထွက်သွားခြင်းသည် မိုက်မဲသကဲ့သို့ နှုတ်ကပတ်တော်ကို ဆန်းစစ်ပြီးနောက် လက်တွေ့လိုက်လျှောက် နာခံခြင်းမရှိဘဲ ထွက်သွားခြင်းသည် မိုက်မဲခြင်းပင်ဖြစ်သည်။

မှန်တစ်ချပ်ကဲ့သို့ပင်၊ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ အဖြစ်မှန်ကိုဖော်ပြသည်။ ယာကုပ်၏ စာဖတ်သူများကဲ့သို့ အထူးသဖြင့် ခက်ခဲသောအခြေအနေများတွင် ကျွန်ုပ်တို့ ရှိနေသည့်အခါ နှုတ်ကပတ်တော်မပါလျှင် ကျွန်ုပ်တို့သည် ကိုယ်မဖြစ်သည့်အရာကိုဖြစ်သည် ဟု ထင်မြင်ကာ မိမိကိုယ်ကို လှည့်စားမိရန် လွယ်ကူခြင်း၊ မိမိတို့၏ အားနည်းချက်များကို လျစ်လျူရှုခြင်း၊ ကျွန်ုပ်တို့၏အပြစ်အတွက် ဆင်ခြေပေးခြင်းစသည်တို့ကို ပြုမိရန် လွယ်ကူ သွားစေသည်။ သို့သော် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်ကို မိမိ၏အသက်တာတွင် စွဲကိုင် ထားသည့်အခါ ထိုသို့သော လှည့်ဖျားနိုင်သည့် အခြေအနေများ မဖြစ်ပေါ်လာနိုင်တော့ပေ။ ကျွန်ုပ်တို့၏အသက်တာကို သမ္မာတရားဖြင့် ဆန်းစစ်သောအခါ၊ မိမိကိုယ်ကို အရှိတိုင်းမြင် လာကာ၊ နောင်တရလျှက် ပုံသဏ္ဍာန် ပြောင်းလဲဖို့အလို့ငှာ ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော်ကို တွေ့ကြုံခံစားရသည်။

ကျွန်ုပ်တို့ အမှန်တကယ် မည်သူဖြစ်သည်ကို နှုတ်ကပတ်တော်သာလျှင် ဖော်ပြပေးနိုင်သည့် အတွက် နှုတ်ကပတ်တော်ကို စူးစမ်းလေ့လာရန်လိုအပ်ပါသည်။ သို့သော် လေ့လာရုံသာမက လက်တွေ့လိုက်နာကျင့်သုံးရန်လည်းလိုအပ်ပါသည်။

သင့်ဘဝတွင် ဘုရားသခင်၏ ကျေးဇူးတော်နှင့် ကရုဏာတော် အမှုပြုပုံကို မည်သို့မြင်ဖူးသနည်း။

နှုတ်ကပတ်တော်အား သင် လက်တွေ့လိုက်နာကျင့်သုံးရန် ချီတုံချတုံ ဖြစ်နေသည့် အစိတ်အပိုင်းများ ရှိပါသလား။ သင့်အပေါ်၌ရှိသော ဘုရားသခင်၏ချစ်ခြင်းမေတ္တာနှင့် ကရုဏာတော်အတွက် ကျေးဇူးတော်ချီးမွမ်းရန် အချိန်ယူပါ။

## နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ မည်သူဖြစ်ကြောင်းကို ထုတ်ဖော် ပေးသည်။

# ရှင်ယာကုပ်ဩဝါဒစာ ၁း ၂၃ -၂၄

တရားကိုမကျင့်ဘဲ နာရုံမျှသာ ပြုသောသူမည်သည်ကား၊ မှန်၌ မိမိပကတိမျက်နှာကို ကြည့်သောသူနှင့်တူ၏။ အကြောင်းမူကား၊ ကိုယ်ကိုကိုယ်ကြည့်ပြီးမှ၊ အခြားသို့သွား၍ မိမိအဆင်းသဏ္ဍာန်ကို ချက်ချင်း မေ့လျော့တတ်၏။

အိုထာဝရဘုရား ကိုယ်တော်၏ နှုတ်ကပတ်တော်ကို ဖတ်ရှုခြင်းအားဖြင့် အကျွန်ုပ်သည် မည်သူဖြစ်ကြောင်း နှင့် အကျွန်ုပ်အားမည်ကဲ့သို့ ဖြစ်စေလိုကြောင်းကို ကိုယ်တော်ဖော်ပြမည်ကို ယုံကြည်ပါ၏။ ကျွန်ုပ်နလုံးသားအားရာဖွေလျှက် အသက်တာထဲ၌ ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော်အား မည်သို့ လက်တွေ့လိုက်နာကျင့်သုံးရန် လိုအပ်သည်ကိုဖော်ပြတော်မူပါ။ ကယ်တင်ခြင်းဆုကျေးဇူးအား ယုံကြည်ခြင်းဖြင့် တုန့်ပြန်သကဲ့သို့ နှုတ်ကပတ်တော်ကို နာခံနိုင်ရန် နှိမ့်ချသော စိတ်နလုံးအားထည့်ပေးတော်မူပါ။ သန့်ရှင်းသောဝိညာဉ်တော်ဘုရား .......... အကျွန်ုပ် နာခံခြင်းရှိနိုင်ရန် ကူညီမစပေးသော၊ အကျွန်ုပ် နလုံးသားကို ပြောင်းလဲပေးသော၊ အကျွန်ုပ် ခြေလှမ်းများကို လမ်းညွှန်ပေးသော ကိုယ်တော်၏ တန်ခိုးတော် အတွက် ကျေးဇူးတင်ပါသည်။ ယေရှုနာမ၌ ဆုတောင်းပါ၏။

အာမင်။

## စတုတ္ထနေ့



# နှုတ်ကပတ်တော်သည် သံတူ ဖြစ်တော်မူသည်

## ဖတ်ရန်။ ယေရမိအနာဂတ္တိကျမ်း၂၃း၂၃ - ၃၂

> ငါ၏နှုတ်ကပတ်တော်သည် မီးကဲ့သို့လည်းကောင်း၊ ကျောက်ကိုထုချေသော သံတူကဲ့သို့ လည်းကောင်းဖြစ်သည်မဟုတ်လောဟု ထာဝရဘုရား မေးတော်မူ၏။
>
> ယေရမိအနာဂတ္တိကျမ်း၂၃း၂၉

## နောက်ထပ်ဖတ်ရန်။ တမန်တော်ဝတ္ထု ၂း ၃၇ - ၃၈

ပရောဖက် ယေရမိသည် ယုဒပြည်၏ ရုန်းရင်းဆန်ခတ်ဖြစ်နေသော အချိန်ကာလတွင် ပေါ်ပေါက်ခဲ့သော ပရောဖက်တစ်ပါးဖြစ်ပါသည်။ ယေရမိသည် သစ္စာရှိသောဘုရင်များ အနက် နောက်ဆုံးဘုရင်ဖြစ်သည့် ရှင်ဘုရင်ယောရှိ နန်းစံသောကာလတွင် ပရာဖက် တစ်ပါး အဖြစ်စတင် အသက်မွေးဝမ်းကြောင်းပြုခဲ့သူဖြစ်ပြီး သူသည် နေဗုခဒ်နေဇာမင်းကြီး ယေရုရှလင်မြို့ကို မဖျက်ဆီးမီ ၊ ပြည်သူ/ပြည်သားများကို ဗာဗုလုန်ပြည်သို့ ဖမ်းဆီး ခေါ်ဆောင် မသွားခင် နောက်ဆုံးနှစ်များထိ ဆက်လက်ပရောဖက်ပြုခဲ့သည်။

ယေရမိ အမှုတော်ဆောင်သော ကာလတစ်လျှောက်လုံးတွင် ခါးသောသတင်းစကား ဖြစ်သည့် ဘုရားသခင်၏ စီရင်ခြင်းသည်လာလိမ့်မည်၊ လူများကို မကောင်းမှုဒုစရိုက်များ ပြုလုပ်ခြင်း နှင့် ရုပ်တုဆင်းတု ကိုးကွယ်ခြင်းမှ လှည့်ထွက်လာကာ စစ်မှန်၍ တစ်ဆူတည်း ဖြစ်တော်မူသော ဘုရားသခင်ထံသို့ သန့်ရှင်းသော ကိုးကွယ်ခြင်းနှင့် ပြန်လာရန် ဟောကြားခဲ့သည်။ သို့သော်၊ လူတို့သည် ယေရမိ စကားကို နားမထောင်ခဲ့ပါ။ ဘုရားသခင်၏ စကားကို ဟောကြားခြင်းထက် သူတို့ကြားချင်သည့်အတိုင်း ဆွဲဆောင်မှု ရှိသော သတင်းစကားများကို လိုက်ပြောပေးသည့် မှားယွင်းသော ပရောဖက်များ၏ စကားကိုသာရွေးပြီး နားထောင်ကြသည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်သည် အမာကျောဆုံးသောကျောက်ကို အစိတ်စိတ်အမွှာမွှာဖြစ်အောင် ထုချေနိုင်သော သံတူဖြစ်ပြီး အဓိပ္ပာယ်မဲ့ ၊ ပေါ့ပေါ့တန်တန်ဖြစ်သော ထိုပရောဖက်များ ဟောပြောသည့် စကားလုံးများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ သင် "သံတူ" ဆိုသည့် စကားလုံးကို တွေ့သည့်အခါ အိမ်ဆောက်လုပ်ရေးများတွင် သံရိုက်ရန် အသုံးပြုသော လက်သမားဆရာ၏ တူလို့ထင်ကောင်း ထင်နိုင်သည်။

သို့သော် ဤနေရာတွင်ဖော်ပြသော "သံတူ" သည် သတ္တုကို ထုပြီး ပုံသွင်းနိုင်သော၊ အားအပြည့်နှင့်လွှဲပြီး ထုလျှင် အရာဝတ္ထုကို အစိတ်စိတ်အမွှာမွှာကြေမွသွားအောင် လုပ်နိုင်သော ပန်းပဲဆရာ အသုံးပြုသည့် တူ ကဲ့သို့ဖြစ်သည်။

ကျွန်ုပ်တို့ ယေရှုနှင့်အတူ လျှောက်လှမ်းသောအခါ နှလုံးသားများ မာကျောလာနိုင်ပါသည်။ ကျွန်ုပ်တို့ အသက်တာတွင် ဝန်ချမတောင်းပန်ရသေးသည့် လျှို့ဝှက်ထားသော အပြစ်ကြောင့်လည်းကောင်း၊ မခွင့်လွှတ်ခြင်းမှ ရရှိလာသော နာကြည်းခြင်းကြောင့်လည်းကောင်း၊ ဆုတောင်းချက် အဖြေမရသောကြောင့် ယုံမှားသံသယစိတ်ဝင်လာပြီး အဆိုးမြင်တတ်လာသောကြောင့် လည်းကောင်း ကျွန်ုပ်တို့ နှလုံးသားများ မာကျောလာနိုင်ပါသည်။

ထိုကဲ့သို့သောအချိန်များတွင် ကျွန်ုပ်တို့သည် နှုတ်ကပတ်တော်၌ တည်နေရမည့်အစား အတောမသတ်နိုင်အောင် လူမှုကွန်ယက်ကိုသုံးခြင်း ၊ အွန်လိုင်းမှ သတင်းဆိုးများကို ဖတ်နေခြင်း၊ တီဗွီမှ အစီအစဉ်များအား တပ်မက်ကြည့်ရှုခြင်းများလုပ်နေသည်ကို သတိထားမိမှာပါ။

သို့သော်၊ ကျွန်ုပ်တို့သည် ဘုရားသခင်၏ နှုတ်ကပတ်တော်ကို ဖွင့်ဖတ်ပြီး နှိမ့်ချခြင်းနှင့် နောင်တရခြင်းဖြင့် တုံ့ပြန်သောအခါ လျှို့ဝှက်ထားသောအပြစ်၊ နာကြည်းခြင်း၊ အဆိုးမြင်တတ်ခြင်းတို့ကို အစိတ်စိတ်အမွှာမွှာကြေမွသွားအောင်တတ်စွမ်းနိုင်သော ဤသံတူ၏ အကျိုးကို ကိုခံစားရမည်ဖြစ်သည်။

ဘုရားသခင်၏ နှုတ်ကပတ်တော်အားဖြင့် သင့်နှလုံးသား နူးညံ့ပျော့ပြောင်းလာသည်ကို မည်ကဲ့သို့ တွေ့ကြုံခံစားဖူးပါသနည်း? သင့်နှလုံးသားကို ပြောင်းလဲပေးခဲ့သော ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းပါ။

နှုတ်ကပတ်တော်ထံလာရမည့်အစား "မှားယွင်းသောပရောဖက်များ"နောက်သို့ လိုက်မိစေသော အချိန်ကာလတစ်ခု (သို့) ခက်ခဲစွာဖြတ်သန်းခဲ့ရသည့် အချိန်များရှိပါသလား?


## နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့နှလုံးသားအား နူးညံ့ပျော့ပျောင်း စေသည်

# ယေရမိအနာဂတ္တိကျမ်း ၂၃ း ၂၉

ငါ၏နှုတ်ကပတ်တော်သည် မီးကဲ့သို့လည်းကောင်း၊ ကျောက်ကိုထုချေသော သံတူကဲ့သို့လည်းကောင်း ဖြစ်သည်မဟုတ်လောဟု ထာဝရဘုရား မေးတော်မူ၏။

ဘုရားသခင်၊ မည်သူမဆို ကျွန်ုပ်နှလုံးသားကို သိတာထက် ကိုယ်တော်သည် ပိုသိပြီး ကိုယ်တော့်လမ်းမှ ဝေးသွားစဉ်တွင်ပင် ကိုယ်တော်သည် အကျွန်ုပ်ကိုချစ်နေသည်။ ကျွန်ုပ်သည် ကိုယ်တော့်လမ်းမှ မည်ကဲ့သို့ ဝေးသွားသည်ကိုဖော်ပြတော်မူပြီး အကျွန်ုပ်ကို နိုင်ခံ့သောမြေပေါ်တွင် နေရာချပေးပါ။ ကိုယ်တော်၏ နှုတ်ကပတ်တော်အပေါ် ယုံကြည်ရမည့်အစား ဤလောက၏အရာများအပေါ် ယုံကြည်ကိုးစားခဲ့မိခြင်း အတွက် အကျွန်ုပ် နောင်တရပါ၏။ နှုတ်ကပတ်တော်သည် ကျောက်နှလုံးမှ အသားနှလုံးသား သို့ ပြောင်းလဲနိုင်သောတန်ခိုးရှိပါ၏။ အကျွန်ုပ်အသက်တာအား ပုံသွင်းပြုပြင်ပေးပါရန် အကျွန်ုပ်သည် ကိုယ်တော့်အား အခွင့်ပေးပါပြီ။ ဘုရားသခင်၊ ကိုယ်တော်သည် ကျွန်ုပ် နှလုံးသားကို နူးညံ့ပျော့ပြောင်း စေသည့် နည်းတူ ဘေးပတ်ဝန်းကျင်တွင်ရှိသောသူများထံ နှုတ်ကပတ်တော်ကို ယူဆောင်ပေးသောသူ ဖြစ်ရန် အကျွန်ုပ်ကို ခွန်အားနှင့် ပတ်ရစ် ပေးတော်မူပါ။ ယေရှုနာမတော်၌ ဆုတောင်းပါ၏။

အာမင်။



## ပဥ္စမနေ့



# နှုတ်ကပတ်တော်သည် ဓား ဖြစ်တော်မူသည်

## ဖတ်ရန်။ ဟေဗြဲသြဝါဒစာ ၄း ၁ - ၁၂

> ဘုရားသခင်၏နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကို လည်းကောင်း၊ အရိုးဆစ်နှင့် ခြင်ဆီကို လည်းကောင်း ပိုင်းခြား၍ ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်းသိမြင်တတ်၏။ ဟေဗြဲသြဝါဒစာ ၄း ၁ - ၁၂

## နောက်ထပ်ဖတ်ရန်။ ဖေက်သြဝါဒစာ ၆ း ၁၃ - ၁၇

ဘုရားသခင်သည် ကျွန်ုပ်တို့ ငြိမ်ဝပ်ခြင်း ချမ်းသာရှိမည့်အကြောင်း ဥပုသ် အနားယူရက်ကို ပြင်ဆင်ထားသည်ဟု စာရေးသူမှ ဟေဗြဲ ၄း၁၂ မတိုင်ခင်ထိဖော်ပြထားသည်။ ဣသရေလ လူမျိုးများအား ဤ ဥပုသ်အနားယူရက် အခွင့်ကိုပေးသော်လည်း သူတို့၏ မနာခံခြင်းနှင့် မယုံကြည်ခြင်းသည် ဘုရားသခင်၏ ချမ်းသာထဲသို့ မဝင်ရန် ဟန့်တားထားသည်။ ယခု၊ ခရစ်တော်၌တည်သောသူတိုင်းကို ဘုရားသခင်၏ ချမ်းသာထဲသို့ ဝင်ရသောအခွင့်ကို ပေးပါ သည်။ သို့သော် စာရေးသူက ဣသရေလလူတို့ကဲ့သို့ ဘုရား စကားနားမထောင်ခြင်းကြောင့် ထိုချမ်းသာထဲဝင်ခွင့်မရခြင်းကို အတုမယူရန်နှင့် သို့မှသာ ငြိမ်ဝပ်ခြင်းချမ်းသာထဲ ဝင်ခွင့်ရမည် ဖြစ်ကြောင်း သတိပေးထားပါသည်။

ဟေဗြဲသြဝါဒစာကို ရေးသားသော စာရေးသူက ဘုရားသခင်၏နှုတ်ကပတ်တော်သည် တန်ခိုးနှင့်ပြည့်စုံသည်ဖြစ်ကြောင်း ဖော်ပြထား၍ ဓားသွားနှစ်ဖက်ရှိသည့် သန်လျက်နှင့် နှိုင်းယှဉ်ဖော်ပြထားပါသည်။ ဓားများတွင် ဓားသွားများမျိုးစုံရှိပြီး ဒီဇိုင်းတစ်ခုချင်းစီသည် သုရည်ရွယ်ချက်နှင့် သုပြုလုပ်ထားခြင်းဖြစ်ပါသည်။ တစ်ချို့ဓားသွားတွေသည် အင်အားနှင့် ခုတ်ရန်အတွက်ဖြစ်ပြီး၊ တစ်ချို့ဓားသွားတို့သည် တိတိကျကျခုတ်ရန် အတွက် ရည်ရွယ်ပါ သည်။ ဓားသွားနှစ်ဖက်ပါသည့် သန်လျက်ကဲ့သို့ ဓားမျိုးသည် အသွားနှစ်ဖက်လုံးထက်လျက်

ငှင်း၏ ပစ်မှတ်ကို တိကျစွာထိုးဖောက်နိုင်ရန်အတွက် ထူးခြားစွာ ဒီဇိုင်းထုတ်ထားခြင်း ဖြစ်ပါသည်။

ကျွန်ုပ်တို့ ရှင်ယာကုပ်ဩဝါဒစာမှ သင်ယူခဲ့ရသောအရာမှာ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ဖြစ်ခြင်းအမှန်ကိုဖော်ပြ၍၊ ယေရမိအနာဂတ္တိကျမ်းမှ သင်ယူရရှိသောအရာမှာ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ အပြစ်နှင့်  မာကျောနေသော နလုံးသားများအား နူးညံ့ပျော့ပျောင်းစေသော တန်ခိုးရှိကြောင်းဖြစ်သည်။  ယခု၊ ဟေဗြဲဩဝါဒစာတွင် နှုတ်ကပတ်တော် သည် ဓားသွားနှစ်ဖက်ကဲ့သို့ဖြစ်၍ အရိုးဆစ်နှင့် ခြင်ဆီအား ထုတ်ချင်း ခွင်း၍ ခွဲခြားနိုင်သကဲ့သို့ အသက်နှင့် ဝိညာဉ်တို့အထိ ထိုးဖောက်ပိုင်းခြားနိုင်သော စွမ်းရည် ရှိခြင်းကိုဖော်ပြထားသည်။ ဆိုလိုရင်းမှာ၊ နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ မည်သူ မည်ဝါ ဖြစ်ကြောင်း အတွင်းဆုံးထိ ထိုးထွင်းသိမြင်နိုင်သည်။  ထို့အပြင် စာရေးသူက ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည် အသက်ရှင်ခြင်း နှင့် တန်ခိုးဖြင့်ပြည့်ပြင်သည် ဖြစ်၍၊ ၊ ကျွန်ုပ်တို့နလုံးသားအား ထိုးဖောက်နိုင်ရုံသာမက ကျွန်ုပ်တို့ မည်သူ မည်ဝါ ဖြစ်ကြောင်းနှင့် ကျွန်ုပ်တို့အပြစ်များအား မြင်စေသည့်အပြင် ကျွန့်ုပ်တို့၏ အတွင်းသဏ္ဍာန် နှင့် အပြင်သဏ္ဍာန်ကိုပါ ပြောင်းလဲပေးနိုင်တဲ့ အစွမ်းတန်ခိုးရှိကြောင်းဖော်ပြထားပါသည်။

ကျွန်ုပ်တို့သည် ယေရှု၏ ကယ်တင်ခြင်း၌ အသက်ရှင်သောသူတွေဖြစ်သည့်အတွက် ဣသရေလလူမျိုးများကဲ့သို့ တောထဲတွင် ဘုရားသခင်အား မယုံကြည်ခြင်းနှင့် ဘုရားသခင်၏ စကားကိုနားမထောင်ခြင်းကဲ့သို့သော ထိုတူညီသောအရာ၌ မကျရှုံးချင် ကြပါ။ ထို့အပြင် ကျွန်ုပ်တို့သည် အသက်ရှင်ခြင်းနှင့် ပြည့်စုံစေသော နှုတ်ကပတ်တော်အား ဖတ်ရှုသည့်နည်းတူ ဓားသွားနှစ်ဖက်ကဲ့သို့သော နှုတ်ကပတ်တော် ဓားသည် ကျွန်ုပ်တို့အား ထိုးဖောက်စေလျက် နလုံးသားထဲတွင် ကျွန်ုပ်တို့သည်မည်သူမည်ဝါဖြစ်ကြောင်း ထင်ရှားစေ၍ ကျွန်ုပ်တို့အား ခရစ်တော်၏ သဏ္ဍာန်နှင့် ပိုမို၍တူလာစေရန်အတွက် စစ်မှန်သောနောင်တနှင့် ယုံကြည်ခြင်းဖြင့် ဘုရားသခင်အား တုန့်ပြန်ဖို့ လိုအပ်ကြောင်း ဖော်ပြထားပါသည်။

ယုံကြည်ခြင်း နှင့် နောင်တရခြင်းသည် ဘုရားသခင်နှင့် ပိုမိုနီးကပ်စွာနေရန် ကျွန်ုပ်တို့ကို ဆွဲခေါ်ပေးသည့် ဘုရားသခင်ဆီမှလာသော လက်ဆောင်ဖြစ်ပါသည်။ သင် ဤလက်ဆောင်များအတွက် ဘုရားသခင်အား ကျေးဇူးတော်ချီးမွမ်းခဲ့ဖူးပါသလား?

______________________________

______________________________

______________________________

______________________________

______________________________

______________________________

သင့် အသက်တာထဲတွင် မည်သည့် အစိတ်အပိုင်းကို နှုတ်ကပတ်တော်အားဖြင့်ပြောင်းလဲခြင်းကို မြင်တွေ့ရန် ယုံကြည်ထားသနည်း?

______________________________

______________________________

______________________________

______________________________

______________________________

______________________________

## နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့ကို ပုံသဏ္ဍာန်ပြောင်းလဲစေသည်

## ဟေဗြဲသြဝါဒစာ ၄း၁၂

ဘုရားသခင်၏ နှုတ်ကပတ်တရားတော်သည်အသက်ရှင်ခြင်း၊တန်ခိုးနှင့် ပြည့်ပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်ဖြစ်၍၊ အသက်နှင့် စိတ်ဝိညာဉ်ကို လည်းကောင်း၊ အရိုးဆစ်နှင့် ခြင်ဆီကိုလည်းကောင်း ပိုင်းခြား၍ထုတ်ချင်းခွင်းတတ်၏။ စိတ်နှလုံးအကြံအစည်များကိုလည်းသိမြင်တတ်၏။

အိုထာဝရဘုရား ကိုယ်တော်၏ နှုတ်ကပတ်တော်သည် အသက်ရှင်ခြင်း ၊ တန်ခိုးနှင့် ပြည့်ပြင်ခြင်းရှိ၍ ကျွန်ုပ်၏ အတွင်းသဏ္ဌာန်နှင့် အပြင်သဏ္ဌာန်အား ပြောင်းလဲပေးတော်မူသည့် အတွက် ကျေးဇူးတော်ချီးမွမ်းပါ၏။ အကျွန်ုပ်၏နှလုံးသား၌ မာကျောခက်ထန်သော အရာများ အား ဖြတ်တောက်ပေးတော်မူခြင်းအားဖြင့် ကိုယ်တော်၌ တည်နေသော အသက်ရှင်ခြင်းမျိုး ကိုသာ ရွေးချယ်အသက်ရှင်ပါမည်။ ဘုရားသခင် ကျွန်ုပ်သည် ဤလောကမှ သတ်မှတ်ထား သော စံနှုန်းများကဲ့သို့ အသက်ရှင်မိသော အရာများမှ နောင်တရပါ၏။ အကျွန်ုပ်သည် ကိုယ်တော်ရှင်၏ နှုတ်ကပတ်တော် တရားတော်ကို နေ့စဉ်ဆင်ခြင်အသက်ရှင်လျက် အကျွန်ုပ်အား ပြောင်းလဲစေ၍ အကျွန်ုပ်၏ စိတ်နှလုံးအား အသစ်ပြုပြင်ပေးတော်မူရန် တောင်းလျှောက်ပါ၏။ နှုတ်ကပတ်တော် ဖတ်ရှုတိုင်း အကျွန်ုပ်အား ခရစ်တော်နှင့် ပိုမို၍ တူလာစေရန်နှင့် အကျွန်ုပ်၏ ယုံကြည်ခြင်းကိုလည်း သာ၍တိုးစေတော်မူပါ။

**အာမင်။**



# နိဂုံး



## နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ အုတ်မြစ်ဖြစ်တော်မူသည်

### ဖတ်ရန်။ ရှင်မဿဲခရစ်ဝင်ကျမ်း ၇ း ၂၄ - ၂၇

> အကြင်သူသည် ငါဟောပြောသော ဤစကားကို ကြား၍နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့် တူကြောင်းကိုငါပုံပြမည်။
>
> ရှင်မဿဲခရစ်ဝင်ကျမ်း ၇ း ၂၄

### နောက်ထပ်ဖတ်ရန်။ ရှင်ပေတရုဩဝါဒစာ ပထမစာစောင် ၂ း ၄ - ၁၀

တောင်ပေါ်ဒေသနာတွင် ယေရှုသည် တပည့်တော်များ နှင့် လူအပေါင်းတို့ကို ဘုရားသခင်၏ နိုင်ငံတော်တွင် ရှိသောသူသည် မည်ကဲ့သို့ အသက်တာရှိသင့်ကြောင်းကို ဟောကြားခဲ့သည်။ နာမည်ကြီးသော ဤတောင်ပေါ်ဒေသနာ၏အဆုံးကို ယေရှုသည် သတိပေးထားခြင်းဖြင့် အဆုံးသတ်ထားသည်။ သင့် အသက်တာကို ယေရှုဟောပြောသော စကားတော်ပေါ်တွင် တည်ဆောက်ပြီး ကျောက်ပေါ်မှာ အိမ်ဆောက်သည့် ပညာရှိကဲ့သို့ဖြစ်လိုပါသလား? သို့မဟုတ် သူ၏စကားတော်များကိုငြင်းဆို၍ သဲပေါ်မှာ အိမ်ဆောက်သော ပညာမဲ့ကဲ့သို့ဖြစ်လိုပါသလား?

အကယ်၍ သင်သည် ရေကြီးရေလျှံ ဖြစ်လေ့ရှိသော ဒေသတွင် နေထိုင်လျှင် ယေရှုပြောသည့် ခိုင်ခံ့သောအုတ်မြစ်တည်းဟူသော ကျောက်ပေါ်တွင် အိမ်ကိုဆောက်သောသူ ပုံဥပမာကို သင်နားလည်ပါလိမ့်မည်။ တစ်ဟုန်ထိုး စီးလာသည့် မိုးရေသည် တစ်ချိန်က အလွန်လှပခဲ့သောအိမ်ကို မိနစ်ပိုင်းအတွင်း တွင် အရှိန်ဖြင့် ဖျက်ဆီးနိုင်သည်။ မုန်တိုင်းများသည် အဆောက်အဦးတစ်ခု၏ အုတ်မြစ် ခိုင်ခံ့မှု ရှိမရှိကို ဖော်ပြသကဲ့သို့

လောကမုန်တိုင်းများမှာလည်း ကျွန်ုပ်တို့အသက်တာသည် ခိုင်ခံ့သော အုတ်မြစ်ဖြစ်သည့် နှုတ်ကပတ်ပေါ်တွင် တည်ဆောက်ထားခြင်း ရှိ မရှိကို ပေါ်လွင်စေသည်။

ဤတစ်ပတ်လုံးတွင် ဘုရားသခင်၏နှုတ်ကပတ်တော်သည် ပေါင်မုန့် (အဓိက စားစရာ) ကဲ့သို့ ဖြစ်၍ ကျွန်ုပ်တို့ဝိညာဉ်ရေးရာ အာဟာရဓာတ်ရရှိဖို့ မရှိမဖြစ်လိုအပ်ကြောင်း၊ ကျွန်ုပ်တို့ နှလုံးသားတွင် စိုက်ပျိုးထားသော မျိုးစေ့ဖြစ်ပြီး အသီးသီးနေကြောင်း၊ အကျွန်ုပ်တို့ ခြေရှေ့မှာ မီးခွက်ဖြစ်၍ ဉာဏ်ပညာအလုံးစုံသို့ လမ်းပြသော အလင်းရောင် ဖြစ်ကြောင်း၊ အကျွန်ုပ်တို့၏ စစ်မှန်သောဖြစ်ခြင်းကို ပြပေးသော မှန်ဖြစ်ကြောင်း၊ အပြစ်ကြောင့် ခက်ထန်မာကျောနေသော အကျွန်ုပ်တို့ နှလုံးသားကို ထုချေပေးနိုင်သော တူကဲ့သို့ဖြစ်ကြောင်း၊ ကျွန်ုပ်တို့ကို ပုံသဏ္ဍာန် ပြောင်းလဲစေရန် နှင့် ကျွန်ုပ်တို့ မည်သူ မည်ဝါဖြစ်ကြောင်း အတွင်းဆုံးထိ ထိုးထွင်းသိမြင်နိုင် သော သန်လျက်ကဲ့သို့ဖြစ်ကြောင်းသင်ယူရရှိခဲ့ကြပါသည်။

"ဤအစာရှောင် ဆုတောင်းခြင်းပြီးနောက် သင် မည်သည်ကို ဆက်လက်လုပ်ဆောင်မည် နည်း?" ဟူသော မေးခွန်းသည် မေးသင့်သည့်မေးခွန်းဖြစ်သည်။ အသက်တာကို ခိုင်ခံ့သော အုတ်မြစ်တွင် တည်ဆောက်သော ပညာရှိကဲ့သို့ဖြစ်ပါမည်လား? ဤရက်သတ္တပတ်တွင် တန်ဖိုးရှိစွာ အတူတကွ အချိန်ယူခဲ့ကြခြင်း၊ ဘုရားသခင် နှင့် တွေ့ကြုံခံစားရခြင်း၊ ဘုရားသခင် ပြောသော အရာကို ကြားရခြင်း၊ (၅) ရက်တာ နစ်စဉ် အစာရှောင်ဆုတောင်းခြင်းတွင် ပါဝင်ခြင်းတို့သည် သင့် အသက်တာကို ခိုင်ခံ့သော အုတ်မြစ်ပေါ်တွင် တည်ဆောက်ပေးရန် မလုံလောက်ပါ။ နှုတ်ကပတ်တော်ကို နေ့စဉ်ဖတ်ရှုပြီး နားခံခြင်းရှိသော အသက်တာကို တည်ဆောက်မှသာ လောကမုန်တိုင်းများသည် ကျွန်ုပ်တို့ကို မဖျက်ဆီးနိုင်တော့မှာဖြစ်သည်။

နှုတ်ကပတ်တော်၌ တည်နေခြင်းသည် အသက်ရှင်သော ဘုရားသခင်၏ နှုတ်ကပတ်တော် တည်းဟူသော ယေရှု၌ တည်နေခြင်းဖြစ်သည်။ သင့် အသက်တာကို အုတ်မြစ်ဖြစ်သော ယေရှု၌ အခြေချတည်ဆောက်ထားပါ သလား?

"တည်နေသည်" ဟူသောစကားလုံး၏အဓိပ္ပါယ်မှာ "မယိုင်မလဲ ခိုင်ခံ့စွာရှိနေခြင်း (သို့မဟုတ်) ပုံသေဖြစ်နေခြင်း၊ ထိုနေရာ၌ ဆက်လက်၍တည်နေခြင်းဖြစ်သည်။" ၂၀၂၂ နှင့် မှစ၍၊ ဘုရားသခင်၏ နှုတ်ကပတ်တော်၌တည်နေရန်၊ ကျမ်းစာဖတ်ခြင်း၊ ဆင်ခြင်လျှက် နားလည် သဘောပေါက်ခြင်း၊ ယုံကြည်ခြင်း နှင့် နာခံခြင်းတို့တွင် ကတိကဝတ်ကို မည်သို့ အသစ် ပြန်လည် ပြုပြင်မည်နည်း။

## နှုတ်ကပတ်တော်သည် ကျွန်ုပ်တို့၏ ခိုင်ခံ့သော အုတ်မြစ်ဖြစ်သည်

# ရှင်မသဿဲခရစ်ဝင်ကျမ်း ၇း ၂၄

အကြင်သူသည် ငါဟောပြောသောဤစကားကို ကြား၍နားထောင်၏။ ထိုသူသည် ကျောက်ပေါ်မှာ အိမ်ဆောက်သော ပညာရှိနှင့် တူကြောင်းကို ငါပုံပြမည်။

ကောင်းကင်ဘုံ၌ ရှိတော်မူသောအဖ... ယခုအပတ်အတွင်း ကျွန်ုပ်အသက်တာ၌ လုပ်ဆောင်ပေးသော အရာများအတွက်ကျေးဇူးတင်ပါ၏။ ကိုယ်တော်၏ မျက်နှာတော်ကို ကျွန်ုပ်ရှာဖွေသောအခါ တွေ့မြင်ရသော အခွင့်နှင့် ကိုယ်တော်သည် သစ္စာရှိသောကြောင့် အကျွန်ုပ်ကို စကားပြောသည့်အတွက်  ကျေးဇူးတင်ပါ၏။  ခိုင်ခံ့သော အုတ်မြစ်ဖြစ်သည့် ကိုယ်တော့်ဖြစ်တည်ခြင်း၌ ကျွန်ုပ်ဘဝကို တည်ဆောက်ရန် နှုတ်ကပတ်တော် ဆုကျေးဇူးကို အကျွန်ုပ်အား ပေးသောကြောင့် ကျေးဇူးတင်ပါ၏။ ကျွန်ုပ်ကို ကိုယ်တော်၏ နှုတ်ကပတ်တော် အထဲ၌ နေ့စဉ် တည်ရှိနေစေပြီး ကိုယ်တော်၏ အသက်တာ ပြောင်းလဲပေးသော တန်ခိုးတော် ကို ကြုံတွေ့စေရန် မစကူညီပေးပါ။   သခင်ယေရှုခရစ်တော်၏ နာမတော်၌.....

အာမင်။



EVERY NATION

#ENFAST2022

EVERYNATION.ORG/FASTING